ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday, 20 November 2021 ၁၀၅၆၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံးအာမခံချက်ပင်ဖြစ်

# မိမိတို့တာဝန်ကျရာဒေသများမှ တိုင်းရင်းသားလူငယ်များကို နိုင်ငံကအားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၄) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၄) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူများကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာညွန့်ဖေနှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၄) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူ ၇၂ ဦးတို့တက်ရောက်ကြပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ အဆိုကို နိုင်ငံရေးသွတ်သွင်းနေမှုထက်ပို၍ မည်သည့်အကြောင်းပြချက်မျှမရှိဟု ရှုမြင်**
စာမျက်နှာ » ၅

**အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့**
စာမျက်နှာ » ၆

**ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၃ မြို့နယ်မှ နေထိုင်သော ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန်အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်**
စာမျက်နှာ » ၈

ကြေးမုံ

# မွန်မြတ်သောနိုင်ငံရေးဖြင့် တိုင်းပြည်တည်ဆောက်

နိုင်ငံရေးသည် မွန်မြတ်သောအလုပ်ဖြစ်သည်။ မွန်မြတ်သောနိုင်ငံရေးကို ယုတ်မာညစ်ထေးအောင် မပြုလုပ်သင့်ပေ။ နိုင်ငံရေးလောကသို့ဝင်ရောက်ပြီး အသုံးမချသင့်၊ မဖျက်ဆီးသင့်၊ အရောင်မဆိုးသင့်ပေ။ နိုင်ငံရေးလောကသို့ ဝင်ရောက်ပြီး တိုင်းပြည်နှင့်လူမျိုးကောင်းကျိုးဖြစ်ထွန်းရေးကိုသာ လုပ်ဆောင်သင့်သည်။ သို့သော် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အကျည်းတန်အရုပ်ဆိုးသည့် ယုတ်မာညစ်ထေးမှုများဖြစ်ပေါ်ခဲ့သည်။

"နိုင်ငံရေးသည် လူမှုသူမှုကိစ္စအားလုံးဖြစ်သည်။ လူသည် လူလိုလုပ်ရန်ကြိုးစားမှ အထမြောက်သည်။ လူနှင့်တိရစ္ဆာန်ကွဲပြားမှုတွင် လူသည် ထွင်တတ်သည်။ အစွမ်းမြင့်တတ်သည်။ ထို့ကြောင့် အရည်အချင်းမြင့်သည်။ ထိုအရည်အစွမ်းမှာ အသိဉာဏ်ပင်ဖြစ်သည်။ လူ၏အသိဉာဏ်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုရှုပ်ထွေးလာသောအခါ နိုင်ငံရေးတည်းဟူသော လူ ပင်မတရားပေါ်ပေါက်လာခဲ့သည်။ လူမှုပြဿနာများကို လူချင်းညှိနှိုင်းမရ၊ စည်းမဲ့ကမ်းမဲ့ဖြစ်လာသောအခါ အစိုးရတစ်ရပ်ဖြစ်လာရသည်။ လူတွေ တရားမစောင့်၍ အစိုးရဖြစ်ပေါ်လာရသည်။ လူတွေသာ တရားစောင့်နိုင်လျှင် အစိုးရရှိတော့မည်မဟုတ်"ဟု ၁၉၄၀ ပြည့်နှစ်ထုတ် ဒဂုန်မဂ္ဂဇင်းတွင် သခင်အောင်ဆန်းက ရေးသားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်နိုင်ငံရေးနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း တစ်တစ်ခွခွ ပြောကြားတတ်သည်။ ဖက်ဆစ်တော်လှန်ရေးမပြီးဆုံးသေးမီ အိန္ဒိယဘုရင်ခံချုပ်ဖြစ်လာမည့် ဖြိတိသျှတော်ဝင်မိသားစုဝင် မောင့်ဘက်တန် မြန်မာပြည်သို့ ခေတ္တရောက်ရှိစဉ် "နိုင်ငံရေးဆိုတာ မွန်မြတ်ပါတယ်။ ဒီအဆောက်အအုံကြီးပေါ် ခွေးတက်အိပ်နိုင်သလို နိုင်ငံရေးလောကမှာလည်း လူယုတ်မာတွေ တစ်ခါတလေ ဝင်လာတတ်ပါတယ်။ နိုင်ငံရေးသမားစစ်စစ်တွေဟာ ဒီလူယုတ်မာတွေကို အလစ်မပေးဘဲ ဟန့်တားပိုင်းပယ်နိုင်ရင် နိုင်ငံရေးလောကကြီး မွန်မြတ်သန့်စင်ပါလိမ့်မယ်"ဟု မောင့်ဘက်တန်အား ပြောကြားခဲ့သည်။

မြန်မာ့နိုင်ငံရေးသည် လွတ်လပ်ရေးမရမီကာလကတည်းက နိုင်ငံရေးသမားမစစ်သည့် အာဏာယစ်မူးသူအစွန်းရောက်များ၊ အချောင်သမားများပါဝင်လာခဲ့သည်ကို သမိုင်းကိုလေ့လာလျှင် တွေ့ရမည်ဖြစ်သည်။ သို့ကြောင့်လည်း အကြံပက်စက်သူ အာဏာယစ်မူးသည့် အစွန်းရောက်နိုင်ငံရေးသမား၏ စေခိုင်းချက်အရ လက်ပါးစေအကြမ်းဖက်သမားများက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်များကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ လွတ်လပ်ရေးပန်းတိုင်မရောက်မီ ရေတိမ်နစ်ခဲ့ရသည်။ လွတ်လပ်ရေးရသောအခါ အကြမ်းဖက်သောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့သည်။

မျက်မှောက်ကာလ ဒီမိုကရေစီခေတ်၌ နိုင်ငံရေးသမားများတွင် တိုင်းပြည်တည်ဆောက်ရေး၊ ကောင်းစားရေးအတွက် အလုပ်လုပ်ကြသော နိုင်ငံရေးသမားများနှင့် အာဏာရရှိရေး၊ တည်မြဲရေးအတွက် အလုပ်လုပ်ကြသော နိုင်ငံရေးသမားဟူ၍ နှစ်မျိုးနှစ်စားရှိလာသည်။ ဒီမိုကရေစီကို ဟစ်ကြွေး၍ နိုင်ငံရေးလုပ်သူများသည် ၎င်းတို့အာဏာခိုင်မြဲရေးနှင့် အာဏာလက်လွှတ်လိုက်ရသောအခါ ယုတ်မာညစ်ထေးသည့် အလုပ်များပြုလုပ်လာကြသည်။ ပြည်ပအားကိုး၍ မိမိတိုင်းပြည်ပျက်စီးရေးကို ပြုလုပ်လာကြသည်။ ရည်ရွယ်ချက်မှာ အာဏာရရှိရေးအတွက်ဖြစ်သည်။ မိမိပါတီအာဏာရရှိရေးအတွက် ပြည်သူများကို လှည့်ဖြားစည်းရုံးခဲ့သည်။ ချစ်ဟန်ပြသည်။ ပြည်တွင်းမှ အသိအမြင် လွဲမှားနေသော ပြည်သူများကို အကြမ်းဖက်သမားများ ဘဝရောက်အောင် တွန်းပို့ပေးခဲ့သည်။ တိုင်းပြည်ဖျက်ဆီးရေး အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်နိုင်အောင်ပြည်ပမှ သွေးထိုးလှုံ့ဆော်ပေးသည်။ တိုက်ခိုက်ဖျက်ဆီးသတ်ဖြတ်မှုများ ပြုလုပ်ကြသည်။

အပြစ်မဲ့ပြည်သူများ ထိခိုက်ပျက်စီးကြရသလို အကြမ်းဖက်သမားများလည်း ဖမ်းဆီးအရေးယူ သေဆုံးမှုများရှိခဲ့သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ထိခိုက်ပျက်စီးရသည်မှာ ပြည်သူများသာဖြစ်သည်။ ပြည်သူများမှာ နိုင်ငံရေးသမားများ၏ အသုံးချခံ၊ အထိခိုက်ခံ၊ အနင်းခြေခံ၊ အဖျက်ဆီးခံဖြစ်ခဲ့ကြသည်။ အကြမ်းဖက်မှုများသည် တိုင်းပြည်ကိုကယ်တင်ရေးလား၊ ဖျက်ဆီးရေးလားဆိုသည်ကို ခွဲခြားရှုမြင်ကြရန်လိုအပ်သည်။ ယခုအခါ နိုင်ငံရေးသမားအချို့၏ ယုတ်မာပက်စက်သောအကြံအစည် အားပေးထောက်ပံ့ပေးနေမှုကြောင့် တိုင်းပြည်၌ ပျက်စီးဆုံးရှုံးမှုများကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည်။

လက်နက်ကိုင်တိုက်ခိုက်ဖျက်ဆီးကြသူများသည် အကြမ်းဖက်သမားများဖြစ်သည်။ ပါးစပ်နှင့်တိုက်ခိုက်ကြသူများသည် အဖျက်သမားများဖြစ်သည်။ ထိုမကောင်းမှု တိုင်းပြည်ပျက်စီးရေးပြုလုပ်ကြသူများအား သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးနေသူများသည် ယုတ်မာညစ်ထေးသော နိုင်ငံရေးအချောင်သမားများဖြစ်သည်။ နိုင်ငံရေးသမားစစ်စစ်သည် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ဖြောင့်ဖြောင့်တန်းတန်း မဆုတ်မနစ် ကြိုးပမ်းအားထုတ်ကြသူများဖြစ်သည်။ ယခုအခါ လွတ်လပ်၍ စစ်မှန်သော ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်လျက်ရှိသည်။ ဆိုးညစ်သောနိုင်ငံရေးသမားများကိုဖယ်ရှား၍ မွန်မြတ်သောနိုင်ငံရေးဖြင့် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။




## မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွက်များအား မျိုးကွဲနုတ်ပယ်ခြင်းနှင့် ပိုးမွှားကျရောက်မှု ရှိ၊ မရှိ စစ်ဆေး



**ကောလင်း နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ခွင်တောင်းအုပ်စု လက်ပံကွေ့ကျေးရွာမှ တောင်သူ ဦးမောင်ဝင်း၏ မော်ဘီ-၂ ငါးကေ၊ ဆင်းကေရီ-၃ ခြောက်ကေ၊ ရောမင်းတစ်ကေ မျိုးသန့်မျိုးစေ့ထုတ် စိုက်ကွက် စုစုပေါင်း ၁၂ ကေအား နောက်ဆုံးအကြိမ် မျိုးကွဲနုတ်ပယ်ခြင်းနှင့် ပိုးမွှားရောဂါကျရောက်မှုရှိ၊ မရှိ စစ်ဆေးခြင်းများကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းသိန်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြင်စန်း၊ ကွင်းတာဝန်ခံလက်ထောက်ဦးစီးမှူး ဒေါ်ကြူကြူဝင်း၊ မြို့နယ်ရုံးမှ ဝန်ထမ်းများ၊ အကျိုးဆောင်တောင်သူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ကောလင်းမြို့နယ်၌ စိုက်ပျိုးထားသော မိုးစပါးမျိုးစေ့ထုတ် စိုက်ကွက် ကေ ၁၅၀၊ ဝန်းသိုမြို့နယ်၌ ကေ ၁၆၀၊ ပင်လည်ဘူးမြို့နယ်၌ ကေ ၂၀၀ စုစုပေါင်း ကေ ၅၁၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရေးဆွဲနည်းသင်တန်းနှင့် AVIP သင်တန်းဖွင့်ပွဲကျင်းပ

**ညောင်လေးပင် နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရေးဆွဲနည်းသင်တန်းနှင့် AVIP သင်တန်းဖွင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရေးဦးစွာ မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်နန်းဆန်းရီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပေါက်တော၊ ဇရပ်ကုန်း၊ ခင်ကန့်လန့်နှင့် အင်းပုဝါကျေးရွာ လေးရွာမှ သင်တန်းသားရှစ်ဦးအား စီမံချက်စာအုပ်ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်



အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်သက်စုအေးတို့က သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းအား ငါးရက်တိုင်တိုင် ဆက်လက်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – | ဦးစိုးစိုးနိုင် | **အကြီးတန်း** | – | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | – | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | – | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | | ဦးသန်းတင်အောင် |
| | | | **သုတေသန** | – | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – | ဦးနိုင်လင်းကြည်၊ | **စာပြင်** | – | ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | – | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

☆ ရှေ့ဖုံးမှ

ကျောင်းသား ကျောင်းသူ ၂၀၀ တို့သည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)ဘွဲ့နှင်းသဘင်ခန်းမနှင့် ပင်လုံခန်းမတို့မှ Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ရည်ရွယ်ချက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် တက္ကသိုလ်၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များ ဖြစ်လာစေရန်၊ ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော ပညာရေးဝန်ထမ်း ကောင်းများ မွေးထုတ်ပေးရန်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး နှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှု စွမ်းရည်မြှင့်တင်ရန်၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများအတွက် ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင် ရေးကိုရှေးရှု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက် လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲ ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူ သော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များဖြစ်လာစေ ရန် စသည်တို့ပင်ဖြစ်ကြောင်း။

**စုံစုံလင်လင်ပါဝင်**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး ရေးတက္ကသိုလ်အနေဖြင့် ယနေ့အထိ မဟာပညာရေး ဘွဲ့၊ မဟာဒဿနဘွဲ့၊ ပညာရေးဘွဲ့၊ ဆရာအတတ် ပညာဒီပလိုမာ၊ အလယ်တန်းဆရာအတတ်သင်၊ မူလတန်းဆရာအတတ်သင်၊ အထူးမူလတန်းဆရာ အတတ်သင် စုစုပေါင်း ၁၃၇၈၆ ဦးကို မွေးထုတ်ပေး နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသား မျိုးနွယ်စုပေါင်း ၁၀၀ ကျော်တက်ရောက် သင်တန်းဆင်းခဲ့ကြပြီး ဖြစ်သကဲ့သို့ ယခုသင်တန်းဆင်းကြမည့် ကျောင်းသား ကျောင်းသူ ၂၇၂ ဦးသည်လည်း တိုင်းရင်းသား မျိုးနွယ်စု ၄၆ မျိုးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်များ စုံစုံလင်လင်ပါဝင်ကြောင်း သိရသည့် အတွက် များစွာဝမ်းသာအားရဖြစ်မိပါကြောင်း။

ပညာရေးကဏ္ဍနှင့် သင်တန်းဆင်းသူများ၏ တာဝန်နှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတစ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာရေးကဏ္ဍသည် အလွန်အရေးကြီးလှကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု စစ်ဆေးရာမှ ပိုးတွေ့လူနာတွေ့ရှိမှု ရာခိုင်နှုန်းများသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ မှ မြို့နယ်များရှိ စာသင်ကျောင်းများမှအပ ကျန်မြို့ နယ်များအားလုံးမှ အခြေခံပညာကျောင်းများကို နိုဝင်ဘာ ၁ ရက်မှစ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ် သင်ကြားပေးနေပြီဖြစ်ပါကြောင်း၊ အခြေခံကျောင်း များ ဖွင့်လှစ်မှုရလဒ်အပေါ်မူတည်ပြီး တက္ကသိုလ်များ ကိုလည်း အဆင့်လိုက် စတင်ဖွင့်လှစ်သွားရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် အဆိုပါကိစ္စများအား နားလည်သဘောပေါက်ခြင်း မရှိသည့်သူများသည် ကျောင်းများကို ပြန်မဖွင့်နိုင် ရန်နှင့် ပညာရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေရန် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေကြသည် ကို အားလုံးအသိပင်ဖြစ်ကြောင်း။

**အခွင့်အရေးတစ်ရပ်**

ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် အခွင့်အရေးတစ်ရပ် ဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်ကြောင်း၊ ကုလသမဂ္ဂ က ချမှတ်ထားသည့် ကလေးသူငယ်များအခွင့်အရေး တွင် ကျန်းမာရေးနှင့် ပညာသင်ကြားခွင့်သည် ထိပ်ဆုံးက ပါဝင်ကြောင်း၊ ကျောင်းမတက်ရေး တားမြစ်ခြင်းသည် ကုလသမဂ္ဂ၏ ကလေးသူငယ်များ အခွင့်အရေးကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း၊ မိဘ များနှင့် ဆရာ ဆရာမများ အပါအဝင် တာဝန်ရှိသူများ အားလုံးသည် ကျောင်းနေအရွယ်ကလေးများကို ပညာသင်ကြားခွင့်ရအောင် ဖြည့်ဆည်းဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

- **ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် စာပေသင်ကြားပေးသည့်နေရာ သက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့် နေရာမျိုးဖြစ်ရန်လို**
- **မောင်တို့၊ မယ်တို့သည် လူငယ်များလမ်းမှားမရောက်စေရန်၊ ပညာရေးတစ်ပိုင်းတစ်စဖြင့် အနာဂတ်ဘဝများ မပျောက်ပျက်စေရန်၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် ကျောင်းနေအရွယ်အားလုံးပညာရေးအဆင့်တိုင်း မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိစေရေးဆိုသည့် မူဝါဒများနှင့်အညီ တိုင်းရင်းသားလူငယ်များကို စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် သင်ကြားလေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် မှာကြားလို**

ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် စာပေသင်ကြားပေးသည့်နေရာ သက်သက်သာ မဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိ ဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ် နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့် နေရာမျိုးဖြစ်ရန်လိုကြောင်း၊ သို့မှသာ မိမိကိုယ်မိမိ အကျိုးပြုနိုင်သည့်၊ လူမှု ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့်၊ စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကောင်း မွန်ကြသည့် လူကောင်းလူတော် နိုင်ငံသားကောင်း များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့၊ မယ်တို့သည် လူငယ်များ လမ်းမှားမရောက်စေရန်၊ ပညာရေးတစ်ပိုင်းတစ်စ ဖြင့် အနာဂတ်ဘဝများ မပျောက်ပျက်စေရန်၊ ပညာ ရေးဝန်ကြီးဌာနက ချမှတ်ထားသည့် ကျောင်းနေ အရွယ်အားလုံးပညာရေးအဆင့်တိုင်း မည်သည့် ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိစေရေးဆိုသည့် မူဝါဒများနှင့်အညီ တိုင်းရင်းသားလူငယ်များကို စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် သင်ကြား လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် မှာကြားလို ကြောင်း၊ နိုင်ငံတော်၏မူဝါဒသည် ပညာသင်ကြား နိုင်သူအားလုံး အခြေခံပညာ အလယ်တန်းအဆင့် (KG +9)ကို တတ်မြောက်အောင် သင်ကြားရေးပင် ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကျောင်းနေသူအားလုံးသည် အနည်းဆုံး KG + 9 အထိ တက်ရောက်သင်ကြားရေး တာဝန်ရှိသူအားလုံး ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တပည့် ကျောင်းသား ကျောင်းသူများကို ပညာသင် ကြားပေးသည့် နေရာတွင်လည်း အတန်းအောင်ရန်၊ စာမေးပွဲအောင်ရန်ထက် အမှန်တကယ်စာတတ်ရန်၊ ပညာတတ်ရန် ဆရာ့ကျင့်ဝတ်နှင့်အညီ သင်ကြားပေး ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**အသိပညာပေး**

ထို့ပြင် မိမိတို့တပည့် ကျောင်းသား ကျောင်းသူ များကို ကျန်းမာကြံ့ခိုင်သည့် လူငယ်များဖြစ်လာစေ ရန် ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးကြ ရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံသားတိုင်း ကျန်းမာ ကြံ့ခိုင်ပြီး ပညာရည်မြင့်မားခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် အကောင်းဆုံး အာမခံချက်ပင်ဖြစ် ကြောင်း၊ ယခုအချိန်၌ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်တွေ့နေရသည့် အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထား သည့် ရောဂါကာကွယ်ရေးအတွက် လုပ်ငန်းလမ်းညွှန် များကို တိတိကျကျ လိုက်နာကြရန်၊ အသိပညာပေး ကြရန် လိုအပ်ကြောင်း။

နိုင်ငံ၏အနာဂတ်လှပရန်အတွက် လူငယ်များ သည် ကိုယ်ကျန်းမာရုံသာမက စိတ်ကျန်းမာရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့အနေ ဖြင့် မိမိတို့၏ တပည့်ကျောင်းသား လူငယ်လေးများကို ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်စေရန် လေ့ကျင့်ပြုစုပျိုးထောင်ပေး ကြရန် အလေးအနက် မှာကြားလိုကြောင်း။

**ပါဝင်ဆောင်ရွက်ခဲ့ရ**

တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု ကဏ္ဍနှင့်ပတ်သက်၍ ပြောကြားရာတွင် မိမိတို့နိုင်ငံ သည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နှင့် စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ် ကြောင်း၊ မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်နှမ များသည် ပြည်ထောင်စုအတွင်း၌ အေးအတူပူအမျှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ခဲ့ကြ ကြောင်း၊ ထိုသို့နေထိုင်ကြရင်းဖြင့် နယ်ချဲ့ လက်အောက်ကို ကျရောက်သွားသည့်အချိန်တွင် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးကို ပြန်လည်ရယူရန် အတွက် မိမိတို့တိုင်းရင်းသားများအားလုံး အတူတကွ လက်တွဲတိုက်ပွဲဝင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် ယှဉ်တွဲပေါ်ပေါက်လာသည့် တပ်မတော်သည် လွတ်လပ်ရေးရပြီး နောက်ပိုင်း သမိုင်းကြောင်း၏ တောင်းဆိုမှုအခြေအနေများနှင့် အမျိုးသားရေး လိုအပ်ချက်များအရ အမျိုးသားနိုင်ငံ ရေးဦးဆောင်မှုအခန်းကဏ္ဍတွင် မလွှဲမရှောင်သာ သည့် အခြေအနေများကြောင့် ပါဝင်ဆောင်ရွက်ခဲ့ရ သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

# ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည်လာမည်

**မိမိတို့နိုင်ငံလျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် အသိပညာ အတတ်ပညာပေါကြွယ်ဝသည့် လူသားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သဖြင့် ပညာရေးနှင့်ပတ်သက်သည့် အားနည်းသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးမြင့်မားမှသာ အသိပညာနှင့်အတတ်ပညာများ တတ်မြောက်လာပြီး ဒီမိုကရေစီကို နားလည်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည်လာမည်ဖြစ်ကြောင်း။**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၁၀-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

☆ စာမျက်နှာ ၃ မှ

ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများနှင့် တစ်ပါတီအာဏာရှင်စနစ် တည်ဆောက်ရန် အဓမ္မဆောင်ရွက်ခဲ့ပြီး စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်သည့် အခြေအနေများနှင့် နိုင်ငံတော်အတွက် အန္တရာယ်ကျရောက်နိုင်မည့် အခြေအနေများ ပေါ်ပေါက်လာခဲ့သည်ကို မောင်တို့မယ်တို့ အသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ကိုအရေးပေါ်အခြေအနေကြေညာပြီး စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကို ပြန်လည်တည်ဆောက်နိုင်ရေးအတွက် တာဝန်ပေးအပ်လာခြင်းကြောင့် တပ်မတော်က ကြားကာလ အခြေအနေကို ယာယီထိန်းသိမ်းပေးနေခြင်းဖြစ်ကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်နှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူခဲ့သည့် အချိန်ကစပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်၍ နိုင်ငံတော်အတွက် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးဦးတည်ချက် နံပါတ်(၁) တွင် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး"ဟု ချမှတ်ထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်း ဖြစ်ပေါ်လာရေးအတွက် တပ်မတော်အနေနှင့် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချထားပြီးဖြစ်သည်ကိုအလေးအနက်ထားပြောကြားလိုကြောင်း၊ ထိုသို့စစ်မှန်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင် ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

ထိုပန်းတိုင်သို့ရောက်ရှိရန် အဓိကကျသည့် အချက်မှာ မိမိတို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ ယခု လတ်တလောအခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲသည့် အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ CRPH, NUG, PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များမှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမလောင်းများဖြစ်သည့်အတွက် မိမိကိုယ်တိုင်က နိုင်ငံ့သားကောင်းစိတ်ဓာတ် မွေးမြူထားရှိရန်လိုသကဲ့သို့ မိမိတို့ တပည့် ကျောင်းသားကျောင်းသူများကိုလည်း နိုင်ငံ့သားကောင်း(Good Citizen)များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံ့သားကောင်းဆိုသည်မှာ မိမိနေထိုင်သည့် လူ့ဘောင်အဖွဲ့အစည်း အကျိုးစီးပွား အတွက် နိုင်ငံသားများ ထမ်းဆောင်ရမည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရန် တတ်စွမ်းသမျှ ကြိုးစားသည့် နိုင်ငံသားများကို ဆိုလိုခြင်းဖြစ်ကြောင်း။

နိုင်ငံ့သားကောင်းဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်၍ ပြောကြားရာတွင် ထို့ပြင် မိမိတို့တာဝန်ကျရာဒေသများမှ တိုင်းရင်းသားလူငယ်များကို နိုင်ငံက အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်လည်း မှာကြားလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းတွင် ရှိသည့် ငွေကြေးအင်အား၊ ရုပ်ဝတ္ထုအင်အားနှင့် လူ့အရင်းအမြစ်အင်အားဆိုသည့် အရင်းအမြစ်သုံးခုကို ထိထိရောက်ရောက် စုစည်းအသုံးပြုရမည်ဖြစ်ကြောင်း၊ အဆိုပါ အရင်းအမြစ်သုံးခုတွင် အဓိကအကျဆုံးမှာ လူ့စွမ်းအား အရင်းအမြစ်များဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ခန့်မှန်းတွက်ချက်ထားမှုများအရ ၂၀၂၁ ခုနှစ် ခန့်မှန်းလူဦးရေ၏ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း ရှိနိုင်မည့် လူဦးရေကို ၁၈ သန်းကျော်ခန့်ဟု ခန့်မှန်းတွက်ချက်ထားသည့်အတွက် နိုင်ငံ့လူဦးရေ၏ ၃၃ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယင်းလူ့စွမ်းအားအရင်းအမြစ်များသည် အရည်အချင်းပြည့်ဝပြီး နိုင်ငံသားကောင်းစိတ်ဓာတ်နှင့် နိုင်ငံ့အကျိုးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံသည် အလျင်အမြန်တိုးတက်လာမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို အဓိက လေ့ကျင့်ပျိုးထောင်ပေးရမည်မှာ မောင်တို့၊ မယ်တို့ ပညာရေးဝန်ထမ်းများပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှု မျှတမှုရှိမှသာ ယုံကြည်မှု ပိုမိုတိုးတက်ခိုင်မာလာမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ခဲ့သည့်အချိန်ကစပြီး တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် မျှော်မှန်းဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံရေးဦးတည်ချက်သည်လည်း "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး"ဆိုသည့် အချက်ကိုထည့်သွင်းချမှတ်ထားခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းမှ မိမိတို့တိုင်းရင်းသားများ မျှော်မှန်းသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံသားတိုင်းတွင် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ **"ပြည်ထောင်စုစိတ်ဓာတ်"** ဆိုသည်မှာ ပြည်ထောင်စုကြီးတစ်ခုလုံးကို မိသားစုတစ်စုတည်း၊ အိမ်ထောင်စုတစ်ခုတည်းဟု စွဲမြဲခိုင်မာစွာလက်ခံမှတ်ယူထားသည့် သဘောထားခံယူချက်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုသားအချင်းချင်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီလိုခြင်း၊ အခက်အခဲတွေ့ကြုံလျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လိုခြင်း၊ အချင်းချင်း စာနာထောက်ထားခြင်းနှင့် နားလည်သည်းခံတတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ ကောင်းမြတ်သည့် အခြေခံကောင်းများဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက် ပေးကြရန်အထူး အလေးထားမှာကြားလို ကြောင်း။

**☆ နိုင်ငံသားတိုင်းတွင် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီး**

**☆ "ပြည်ထောင်စုစိတ်ဓာတ်"ဆိုသည်မှာ ပြည်ထောင်စုကြီးတစ်ခုလုံးကို မိသားစုတစ်စုတည်း၊ အိမ်ထောင်စုတစ်ခုတည်းဟု စွဲမြဲခိုင်မာစွာလက်ခံမှတ်ယူထားသည့် သဘောထားခံယူချက်ပင်ဖြစ်**

**☆ ပြည်ထောင်စုသားအချင်းချင်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီလိုခြင်း၊ အခက်အခဲတွေ့ကြုံလျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လိုခြင်း၊ အချင်းချင်း စာနာထောက်ထားခြင်းနှင့် နားလည်သည်းခံတတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ ကောင်းမြတ်သည့် အခြေခံကောင်းများဖြစ်**

နိုင်ငံ့ဝန်ထမ်းကောင်းဆိုင်ရာနှင့် ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ခေတ်စနစ်နှင့် လျော်ညီစွာ အကောင်အထည်ဖော်ကြရမည့်သူများဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့ အနေဖြင့် ပါတီနိုင်ငံရေးကင်းစင်ပြီး ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ရှောက်ကာ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် လိုအပ်ကြောင်း၊ **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ဝန်ထမ်းကောင်းများရှိမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မောင်တို့၊ မယ်တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့် သားသမီးများပီသစွာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိပြီး နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း မိမိတို့တာဝန်ကျရာ နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ထမ်းဆောင်ကြရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုတိုင်းရင်းသားများအကြား ထွန်းကားပြန့်ပွားအောင်လည်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**စည်းရုံးဦးဆောင်**

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မိမိတို့ တာဝန်ကျရာ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန်၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားရန် တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများနှင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ ပညာတတ်သည့် မျိုးဆက်နှင့် တိုးတက်သည့် နိုင်ငံတော်ကို ထူထောင်နိုင်ရေးသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ကျောင်းသား ကျောင်းသူများကိုယ်စား ကယားတိုင်းရင်းသူ မဆုမြတ်နိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့က အမှတ်တရ လက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ အဆိုကို နိုင်ငံရေးသွတ်သွင်းနေမှုထက်ပို၍ မည်သည့်အကြောင်းပြချက်မျှမရှိဟု ရှုမြင်

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၌ ကျင်းပလျက်ရှိသည့် (၇၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီ (လူမှုရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ)၏ ၁၇-၁၁-၂၀၂၂ ရက် အစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ အဆိုမူကြမ်း (Situation of Human Rights of Rohingya Muslims and other minorities in Myanmar) ကို မဲမခွဲဘဲ အတည်ပြုခဲ့ကြောင်း သိရသည်။

ယင်းအဆိုတွင် မြန်မာအစိုးရမှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူများအတွက် ဆောင်ရွက်ပေးနေမှုများနှင့် စိန်ခေါ်မှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်ပေးနေမှုများကို ထင်ဟပ်သည့်ဖော်ပြချက်များ မပါရှိကြောင်း တွေ့ရှိရသည်။ အဆို(Resolution)တွင် ပါဝင်သည့်အချက်များသည် မြန်မာနိုင်ငံအား ဆန့်ကျင်တိုက်ခိုက်နေသည့်အုပ်စုများ၊ မတရားအသင်း၊ အကြမ်းဖက်နှင့် လက်နက်ကိုင်အဖွဲ့များ ဘက်မှရရှိသည့် အချက်များ၊ အခြေအမြစ်မရှိသည့် အချက်များကို စိစစ်မှုမပြုဘဲ ဖော်ပြထားသောကြောင့် ခိုင်မာမှန်ကန်မှုမရှိကြောင်း တွေ့ရှိရသည်။ အဆိုတွင် CRPH ၊ NUG နှင့် PDF ဆိုသည့် အကြမ်းဖက်အဖွဲ့များက အပြစ်မဲ့ပြည်သူများအပေါ် ကျူးလွန်သည့် အကြမ်းဖက်လုပ်ရပ်များကို လျစ်လျူရှုထားသည်။ ယင်းအကြမ်းဖက်အဖွဲ့များက သံဃာတော်များ၊ ဆရာ/ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဝန်ထမ်းများနှင့် နိုင်ငံရေးပါတီဝင်များအပါအဝင် အပြစ်မဲ့ပြည်သူ ၁၃၀၀ ကျော်အား သတ်ဖြတ်ခဲ့သည်။

ယင်းအဆို၏ မူရင်းဇာစ်မြစ်သည် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အပေါ် အခြေခံ၍ ပေါ်ပေါက်လာခြင်းဖြစ်ပြီး၊ ယင်းဖြစ်စဉ်မှာ ARSA (ခေါ်) Aqua Mul Mujahidin ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စတင်ခဲ့ခြင်းဖြစ်သည်။ အဆိုတွင် အစဉ်အဆက်ပါရှိသည့် အချက်များသည် ပကတိမြေပြင်အခြေအနေမှန်များ၊ ဒေသသမိုင်းနောက်ခံနှင့် ယင်းကိစ္စ၏ အခြေခံအကြောင်းရင်းများကို မျှတမှန်ကန်စွာ ရည်ညွှန်းထားခြင်းမရှိပါ။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် ရာနှင့်ချီသော နေရပ်စွန့်ခွာ ဟိန္ဒူများအပါအဝင် အသိုက်အဝန်းအားလုံး၏ ဆင်းရဲဒုက္ခ၊ ၎င်းတို့အား နေရပ်သို့ ပြန်လာခွင့်ပြုရန် မြန်မာအစိုးရမှ အကြိမ်ကြိမ် ကြိုးစားဆောင်ရွက်ခဲ့မှုများနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ပျက်ကွက်မှုများကို ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရသည်။ နှစ်နိုင်ငံအကြား သဘောတူထားသည့် လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို စတင်နိုင်ခြင်း မရှိသေးသော်လည်း နေရပ်စွန့်ခွာသူ ဘင်္ဂါလီစုစုပေါင်း ၇၀၀ ကျော်ခန့်က ၎င်းတို့ဆန္ဒဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများတွင် အစွန်းရောက်ဝါဒီများ ကြီးစိုးလျက်ရှိသဖြင့် နေရပ်စွန့်ခွာသူ အများအပြားမှာ အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး မြန်မာနိုင်ငံသို့ ပြန်မလာနိုင်သည်ကိုလည်း ကောင်းစွာနားလည်သိရှိထားရန်လိုသည်။ မြေပြင်အချက်အလက်အမှန်များကို ယင်းအဆိုတွင်ထည့်သွင်းရန် ပျက်ကွက်ခြင်းသည် သက်ဆိုင်ရာ နိုင်ငံအတွက်သာမကဘဲ ဘက်လိုက်မှုမရှိခြင်းနှင့် ဓမ္မဓိဋ္ဌာန်ကျခြင်း စသည့်စံနှုန်းများကို ထိန်းသိမ်းလိုက်နာရမည့် ကုလသမဂ္ဂအဖွဲ့အစည်း၏ ပုံရိပ်ကိုပါ ထိခိုက်နစ်နာစေသည်။

မြန်မာနိုင်ငံတွင်နေထိုင်ကြောင်း စိစစ်အတည်ပြုနိုင်သည့် နေရပ်စွန့်ခွာသူများကို လက်ခံရန်နှင့် နိုင်ငံသားဖြစ်ခွင့် လျှောက်ထားလာပါက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ကိုက်ညီသူများကို သင့်လျော်သည့် နိုင်ငံသားပေးရန်တို့အတွက် မြန်မာနိုင်ငံဘက်မှ အသင့်ရှိသည်။ သို့သော် မြန်မာနိုင်ငံက "ရိုဟင်ဂျာ" ဆိုသည့် အသုံးအနှုန်းကို အသိအမှတ် ပြုခြင်းမရှိပါ။ စင်စစ်တွင် ယင်းအသုံးအနှုန်းကို တိုင်းရင်းသားအဆင့်အတန်းနှင့် နယ်မြေရရှိရေး ရည်ရွယ်ချက်ဖြင့် သုံးနှုန်းနေခြင်းဖြစ်သည်။ ယင်းအသုံးအနှုန်းသည် ဥပဒေအရနှင့် နိုင်ငံ၏သမိုင်းအထောက်အထားအရ မရှိခဲ့သောကြောင့် မြန်မာပြည်သူများက လက်ခံနိုင်ခြင်း မရှိပါ။ တရားမဝင်နှင့် အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG နှင့် ကျော်မိုးထွန်းတို့သည် "ရိုဟင်ဂျာ" ဆိုသည့် အသုံးအနှုန်းကို အသိအမှတ်ပြုသည့်အပြင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ဖျက်သိမ်းရန် လှုံ့ဆော်မှုတွင် ပါဝင်နေသည်ကို တွေ့ရသည်မှာ စိတ်ပျက်ဖွယ်ရာဖြစ်သည်။ ယင်းသို့ အတုအယောင်တောင်းဆိုချက်များကို အသိအမှတ်ပြုခြင်းမှာ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် သမိုင်းအထောက်အထားများကို ပစ်ပယ်ခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သည့် အဆိုဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဖော်ပြနိုင်ခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယင်းလုပ်ရပ်များကို အစဉ်ကန့်ကွက်ခဲ့သည်။ ယခုကဲ့သို့ကိစ္စမျိုးကို မြန်မာနိုင်ငံအနေဖြင့် ယခင်က မဲခွဲရန် တောင်းဆိုလေ့ရှိခဲ့သော်လည်း ယခုနှစ် အဆိုမူကြမ်းအား မဲမခွဲဘဲဆုံးဖြတ်ခဲ့ခြင်းမှာ ကုလသမဂ္ဂ၌ မြန်မာနိုင်ငံ၏ကိုယ်စားပြုမှု မှန်ကန်မှုမရှိခြင်းနှင့် နိုင်ငံ၏တရားဝင်ကိုယ်စားလှယ် တက်ရောက် နိုင်မှုမရှိခြင်းတို့ကြောင့် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းခံထားရပြီး လက်ရှိတွင် တရားမဝင်နှင့် အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG ဆိုသောအဖွဲ့ကို ကိုယ်စားပြုနေသူ ကျော်မိုးထွန်းအား တက်ရောက်ခွင့်ပေးမှုကိုလည်း လုံးဝလက်ခံနိုင်ဖွယ်မရှိသဖြင့် မြန်မာနိုင်ငံက ကန့်ကွက်သည်။ ကျော်မိုးထွန်း၏ ပြောဆိုချက်များ၊ အထူးသဖြင့် ဘင်္ဂါလီကိစ္စသည် မြန်မာအစိုးရအဆက်ဆက်၏ မူဝါဒ၊ ရပ်တည်ချက်များနှင့်ကွဲလွဲပြီး နိုင်ငံနှင့်ပြည်သူကို ကိုယ်စားမပြုသောကြောင့် မြန်မာနိုင်ငံက ပြင်းထန်စွာ ပယ်ချလိုက်သည်။

ကုလသမဂ္ဂ၏ ယခုကဲ့သို့ဆောင်ရွက်ချက်များသည် အဖွဲ့အစည်း၏ ဘတ်ဂျက်မှ နှစ်စဉ် ရန်ပုံငွေများစွာသုံးစွဲပြီး နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရဦးတည်၍ အဆိုမူကြမ်း တင်သွင်းလျက်ရှိသည့် နိုင်ငံအချို့အား ကျေနပ်အားရစေရန် နိုင်ငံရေးသွတ်သွင်းနေမှုထက်ပို၍ မည်သည့်အကြောင်းပြချက်မျှမရှိနိုင်ဟု မြန်မာနိုင်ငံအနေဖြင့် ရှုမြင်သည်။ ယင်းအဆိုတွင် ပြင်ပယန္တရားများကို ဖိတ်ခေါ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အသုံးအနှုန်းများနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားမှုမရှိသည့် ဖော်ပြချက်များပါရှိသောကြောင့် မြန်မာနိုင်ငံမှ အဆိုဆုံးဖြတ်ချက်ကို လုံးဝပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း ဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်။

# စီးပွားရေးပြန်လည်ဦးမော့လာစေရေးနှင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကူညီဖြေရှင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာကိစ္စရပ်များနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပထမဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အခြေအနေအရပ်ရပ်ကြောင့် သက်ရောက်မှုများ ဖြစ်ပေါ်ခဲ့သော စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဆွဲဆောင်ရေး၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ပြေလည်အောင် ကူညီဖြေရှင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လက်ရှိပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေးနှင့် ဥပဒေအရ အကာအကွယ်ပေးရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိရာတွင် ထုတ်ပြန်ထားပြီးဖြစ်သည့် စံပြုလုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြန်ဆန်သွက်လက်လာရေးကိစ္စရပ်များ။

ရင်းနှီးမြှုပ်နှံသူများအပေါ် ဝန်ဆောင်မှုများပေးရာတွင် ပိုမိုလွယ်ကူမြန်ဆန်စေရေးအတွက် Online စနစ်များဖြင့် တွင်တွင်ကျယ်ကျယ် အသုံးပြုဆောင်ရွက်ပေးရေး၊ ဆက်စပ်ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းအားဖြင့် ပိုမိုကောင်းမွန်ထိရောက်ပြီး ရလဒ်ထွက်ပေါ်စေနိုင်သည့် ဝန်ဆောင်မှုများပေးရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ပြည်တွင်းလုပ်ငန်းများ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး၊ ပြည်တွင်းအားကို တိုးမြှင့်နိုင်အောင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ဌာနရှိဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိခဲ့သည့် စီးပွားရေးလုပ်ငန်းများအား အမြန်ဆုံးကုစားနိုင်ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်တစ်ရပ် တည်ဆောက်နိုင်ရန်ရည်ရွယ်ကာ မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက် (Myanmar Economic Recovery Plan-MERP) ကို ရေးဆွဲဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် အာဆီယံ၏ စီးပွားရေးပေါင်းစည်းမှုလုပ်ငန်းစဉ်များတွင်လည်း ဆက်လက်၍ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

**ပေါင်းစပ်ဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ပေါင်းစပ်ဆောင်ရွက်ရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်မှု၊ ဒေသ၏ စီးပွားရေးဝန်းကျင် ကောင်းမွန်အောင်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ဝန်ကြီးဌာနနှင့် ရုံးချုပ်က ပံ့ပိုးရန် လိုအပ်ချက်များကိုလည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဌာန၏အုပ်ချုပ်မှုလုပ်ငန်းများ၊ အာဆီယံအပါအဝင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဖွံ့ဖြိုးမှုအကူအညီရယူဆောင်ရွက်သည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များနှင့် အခက်အခဲများကို ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ကြီးဌာန၏ စံပြဝန်ထမ်း (အရာထမ်းဆု)၊ စံပြဝန်ထမ်း(အမှုထမ်းဆု)နှင့် ဌာနအသီးသီးမှ ထူးချွန်အောင်မြင်သည့် ဌာနခွဲများအား ဂုဏ်ပြုဆုနှင့် ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

လင်းလက်

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၅-၂-၂၀၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ သက်တမ်းကာလ ခုနစ်နှစ်ကျော်ပင်ရှိခဲ့ပြီဖြစ်သည်။ ယခုအခါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ပြည်သူသို့ အသိပညာပေးခြင်းစသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်သည် အဂတိလိုက်စားမှုများကြောင့် ဆုံးရှုံးမှုများမဖြစ်မီ ကြိုတင်ကာကွယ်သည့်လုပ်ငန်းစဉ်ဖြစ်သဖြင့် အဂတိလိုက်စားမှုများကြောင့် အစိုးရဌာနအဖွဲ့အစည်းများ၏ ပုံရိပ်ကျဆင်းမှုနှင့် ပြည်သူလူထု၏ ယုံကြည်မှု လျော့နည်းကျဆင်းလာစေမှုတို့ကို အချိန်မီဟန့်တားနိုင်မည့် လုပ်ငန်းစဉ်ဖြစ်ပြီး ဥပဒေအရ အရေးယူအပြစ်ပေးမှုများကို လျော့နည်းစေမည်ဖြစ်သည်။

**အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန် ဆောင်ရွက်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ (ဠ) တွင် "အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ရိုးသားဖြောင့်မတ်သည့်စိတ်ဓာတ်ကို ပိုမိုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့တွင် ပြည်သူအများပါဝင်နိုင်ရေးအတွက် သင့်လျော်သောအစီအမံများ ချမှတ်၍ ဆောင်ရွက်ခြင်း"ဟု ပြဋ္ဌာန်းထားသည်။ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်ခိုင်မာသော အခြေခံကောင်းများ တည်ဆောက်နိုင်ရေးအတွက် ပြည်သူလူထုတစ်ဦးချင်း ကြုံတွေ့လျက်ရှိသော အသေးစားအဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန် စီမံဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏ လိုအပ်ချက်များနှင့်အညီ အစိုးရဌာနအဖွဲ့အစည်းများက လုပ်ဆောင်ပေးနေသော ဝန်ဆောင်မှုများကို ပိုမိုပြည့်စုံကောင်းမွန်စေရန်ရည်ရွယ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များကို ၂၀၁၉ ခုနှစ် မတ်လတွင် ရှေ့ပြေးစီမံကိန်းအဖြစ် ဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၄ ခုကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၃၇ ခုတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်သည်။

၁၉-၁-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအတွက် မူဝါဒပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် CPU များ၏ လုပ်ငန်းတာဝန်သုံးရပ်ကို ချမှတ်နိုင်ခဲ့သည်။ လုပ်ငန်းတာဝန်များမှာ (က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊ (ခ) တွေ့ရှိလာသောပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် (ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်တို့ဖြစ်သည်။ ထို့ပြင် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပခဲ့သည့် CPU များအတွက် နည်းပညာဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၁၉)တွင် အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ် ၆ ရပ်ကို ချမှတ်နိုင်ခဲ့သည် -

(က) ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၏ ခွင့်ပြုချက်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့အသီးအသီးအတွက် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲထားရှိရန်၊

( ခ ) ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၏ ခွင့်ပြုချက်ရယူလျက် ဦးစီးဌာန/လုပ်ငန်းဌာနများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအချက်များ ပါဝင်သော တည်မြဲလုပ်ထုံးလုပ်နည်းများ (Standing Operating Procedures – SOP) ကို သက်ဆိုင်ရာဌာနများက ရေးဆွဲရေးနှင့် အများပြည်သူသိသင့်သည်များကို လက်အောက်ရုံး/ဌာနခွဲ / ဌာနစိတ်တို့တွင် ပွင့်လင်းမြင်သာသောနည်းလမ်းများဖြင့် ထင်ရှားစွာရေးသားချိတ်ဆွဲပြသထားရန်၊ ဝက်ဘ်ဆိုက်များတွင်လည်း ထည့်သွင်းအသိပေးကြေညာရန်၊

( ဂ ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုဆန်းစစ်ခြင်းကို အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) များက တာဝန်ယူဆောင်ရွက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၊ အကြီးအကဲများထံ တင်ပြသွားရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိမှုမှ ကာကွယ်ရန်အတွက် အစိုးရဌာနများနှင့် ဆက်စပ်လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ ရေးဆွဲထားခြင်း ရှိ/မရှိ စိစစ်ရန်နှင့် ကျင့်ဝတ်ရေးသားလိုက်နာခြင်းမရှိသော စီးပွားရေးလုပ်ငန်းများနှင့် ဝယ်ယူရေး၊ ရောင်းချရေး၊ တည်ဆောက်ရေးကိစ္စများ၌ လက်ခံဆောင်ရွက်ခြင်းမပြုရန်၊

( င ) တစ်ဖက်နှင့်အခြားတစ်ဖက် အခက်အခဲများ ဖြေရှင်းရန်နှင့် အထင်အမြင်လွဲမှားမှုမရှိစေရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သက်ဆိုင်ရာပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအကြား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာဖိုရမ်များ၊ ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များက ညှိနှိုင်းစီစဉ်ရန်၊

( စ) ပြည်ထောင်စုဝန်ကြီးများ၏ လမ်းညွှန်မှုကိုခံယူလျက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များသည် အောက်ခြေရုံးဌာနခွဲများတွင် ဝန်ဆောင်မှုရယူကြသော ပြည်သူတစ်ဦးချင်းထံသို့ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) နည်းပညာအသုံးပြု၍ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြီး အသေးစားအဂတိလိုက်စားမှုများကို မဖြစ်စေရန် တားဆီးကာကွယ်ရေးစနစ်ကို ထိရောက်စွာအသုံးပြုသွားရန်။

**စတင်စမ်းသပ်အသုံးပြု**

လုပ်ငန်းတာဝန်ပါ **"အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်"** ဆိုသည့်အချက်နှင့် လုပ်ငန်းအစီအစဉ် ၆ ပါ **"CPU များအနေဖြင့် အောက်ခြေရုံးဌာနခွဲများတွင် ဝန်ဆောင်မှုရယူကြသော ပြည်သူတစ်ဦးချင်းထံသို့ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို (Public Feedback Programme – PFP) နည်းပညာအသုံးပြု၍ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြီး အသေးစားအဂတိလိုက်စားမှုများကို မဖြစ်စေရန် တားဆီးကာကွယ်ရေးစနစ်ကို ထိရောက်စွာအသုံးပြုသွားရန်"** ဆိုသည့်အချက်တို့နှင့်အညီ ကော်မရှင်က ဦးဆောင်ကာ ကမ္ဘာ့ဘဏ်၏နည်းပညာအကူအညီဖြင့် ICT နည်းပညာအခြေပြု အများပြည်သူများထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (ICT– based Proactive Beneficiary/ Citizen Engagement) (PBE) ယန္တရားကို အသုံးပြု၍ ပြည်သူများ၏ တယ်လီဖုန်းများသို့ SMS ပေးပို့၍ ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းပြီး တုံ့ပြန်မှုရယူခြင်းကို ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၀ ခုရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များတွင် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ စတင်စမ်းသပ်အသုံးပြုခဲ့သည်။

**အမည်ပြောင်းလဲသုံးစွဲခဲ့**

CPU Toolkit လုပ်ငန်းစဉ်သည် အစိုးရဌာန/အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းစဉ်များအပေါ် ပြည်သူလူထု၏ တုံ့ပြန်မှုသဘောထားများကို ရယူခြင်းဖြစ်သဖြင့် ပိုမိုသင့်လျော်သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme– PFP) အဖြစ် အမည်ပြောင်းလဲသုံးစွဲခဲ့သည်။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ PFP Web Portal ကို Cloud Server မှ Local Server သို့ ပြောင်းရွှေ့နိုင်ရေးဆောင်ရွက်ခြင်း၊ Short Code "1111" အသုံးပြုနိုင်ရေး နည်းပညာပိုင်းဆိုင်ရာစမ်းသပ်ခြင်းနှင့် PFP Web Portal အသုံးပြုရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် Web Portal ၌ ကော်မရှင်ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများက ပြင်ဆင်လိုသည့်အချက်များကို ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် PFP အသုံးပြု၍ တုံ့ပြန်မှုရယူခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ ခေတ္တဆိုင်းငံ့ထားခဲ့သည်။

**PFP အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် ရရှိလာသော ပြည်သူ့တုံ့ပြန်မှုများကို အခြေခံ၍ သက်ဆိုင်ရာဌာနအလိုက် အမှန်တကယ်ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့် အချက်များနှင့် လာဘ်ပေးလာဘ်ယူမှုများကို အချိန်တိုအတွင်းသိရှိပြီး အချိန်မီ ပြုပြင်နိုင်မည်ဖြစ်သဖြင့် အစိုးရနှင့်ပြည်သူအကြား ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် ပေးပို့လိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်**

ကော်မရှင်အနေဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် ဆောင်ရွက်ရာတွင် အော်ပရေတာများအလိုက် တူညီသော Short Code နံပါတ်တစ်ခု အသုံးပြုနိုင်ရေး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပူးပေါင်းကူညီမှုဖြင့် MPT၊ Telenor၊ MyTel၊ Ooredoo စသည့် ဆက်သွယ်ရေးအော်ပရေတာ လေးခုတို့နှင့် ညှိနှိုင်း၍ Short Code "1111" ကို အသုံးပြုပြီး နည်းပညာပိုင်းဆိုင်ရာ စမ်းသပ်ခြင်းနှင့် ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကော်မရှင်အပါအဝင် ဝန်ကြီးဌာန/အဖွဲ့အစည်း ၁၃ ခုတွင် ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ PFP စနစ်ကို အသုံးပြုနေပြီဖြစ်သည်။

အဂတိလိုက်စားမှုသည် ဝန်ဆောင်မှုလုပ်ငန်းများကို အဟန့်အတားဖြစ်စေရုံသာမက အစိုးရဌာနများအပေါ် အများပြည်သူ၏ ယုံကြည်မှုကို ပျက်ယွင်းစေသဖြင့် ဌာနများအလိုက် ပြုပြင်ရန်လိုအပ်နေသည့် အားနည်းချက်များကို အချိန်မီပြုပြင်နိုင်ရန်၊ အသေးစားအဂတိလိုက်စားမှုများကို လျှော့ချနိုင်ရန်၊ အစိုးရအဖွဲ့အစည်းနှင့် ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်ခြင်း (Corruption Risk Assessment –CRA) လုပ်ငန်းစဉ်ကို အထောက်အကူပြုစေရန်တို့ကို ရည်ရွယ်၍ PFP စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

စာမျက်နှာ ၇ သို့ ❈

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး၊
★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး၊
★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)



## မန္တလေးမြို့ လမ်းလယ်ကျွန်းများ သန့်ရှင်းသပ်ရပ် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုသည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ၂၆ လမ်းတစ်လျှောက် ၆၆ လမ်းမှ ၇၈ လမ်းအထိ၊ ၆၆ လမ်းတစ်လျှောက် ၂၆ လမ်းမှ ၁၂ လမ်းအထိ လမ်းဝဲယာနှင့်လမ်းလယ်ကျွန်းတို့ကို လိုက်လံကြည့်ရှု၍ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ဒေသနှင့်ကိုက်ညီသော ရာသီအလိုက် ရောင်စုံပန်းအလှပင်များ စိုက်ပျိုးနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့သည်။ ၎င်းနောက် မန္တလေးကျုံးရေပြင်သန့်ရှင်းရေး Aquamarine ရေမှော်ဆယ်စက်ကြီးများဖြင့် ရေမှော်များ ဆယ်ယူနေမှုနေရာများကို ကြည့်ရှုစစ်ဆေးပြီး ကျုံးရေပြင်အမြဲသန့်ရှင်းရေးဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အများပြည်သူများ အပန်းဖြေနိုင်ရန် ဖွင့်လှစ်ထားသော တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) အား ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဥယျာဉ်မှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄ / ၂၀၂၁ )
၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
( ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** ကို မှတ်ပုံတင်အမှတ် (၄၂)၊ ၂၄-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၉၅/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** ၏ ၂၃-၈-၂၀၂၁ ရက်စွဲပါစာဖြင့် နိုင်ငံရေးပါတီကိုဖျက်သိမ်းကြောင်း တင်ပြချက်နှင့်စပ်လျဉ်း၍ ၁၆-၁၁-၂၀၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၉ (က) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းလိုက်သည်။

**သိန်းစိုး**
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (PFP) လုပ်ငန်းဆောင်ရွက်ပုံ




❋ စာမျက်နှာ ၆ မှ

PFP စနစ်ကို ဆောင်ရွက်ရာတွင် ဖော်ပြပါလုပ်ငန်းစဉ် (၃) ရပ်ဖြင့် ဆောင်ရွက်ပါသည်-

(က) သက်ဆိုင်ရာ မြို့နယ်ရုံးခွဲများ ဌာနခွဲများရှိ Data Entry Office – DEO အဖွဲ့များက ဝန်ဆောင်မှုများရယူရန် လာရောက်ကြသော ပြည်သူများ၏ဖုန်းနံပါတ်များကို System အတွင်းသို့ ထည့်သွင်းခြင်း၊

( ခ ) သက်ဆိုင်ရာ ဦးစီးဌာန/လုပ်ငန်းများရှိ CPU အဖွဲ့များသည် DEO အဖွဲ့များက System အတွင်းသို့ ထည့်သွင်းထားသော ပြည်သူလူထု၏ ဖုန်းနံပါတ်များသို့ Short Code နံပါတ် “1111” ဖြင့် SMS ပေးပို့ပြီး ဝန်ဆောင်မှုနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ ပြည်သူများမှ တုံ့ပြန်လာသောအကြံပြုချက်များနှင့် လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ခြင်းနှင့် မဖြေရှင်းနိုင်သည်များကို ဝန်ကြီးဌာနသို့တင်ပြခြင်း၊

( ဂ ) ဝန်ကြီးဌာနက ပြည်သူလူထုထံမှ တုံ့ပြန်လာသော အကြံပြုချက်နှင့် လိုအပ်ချက်များကို ဖြေရှင်းပေးခြင်း။

**မှန်ကန်စွာပြန်လည်ဖြေကြားရန် လိုအပ်**

PFP စနစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ဝန်ဆောင်မှုများရယူရန် လာရောက်ကြသော ပြည်သူများကို အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ Short Code နံပါတ် “1111” ဖြင့် မိမိတို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများကို ဝန်ဆောင်မှုရယူသူ၏ မိုဘိုင်းဖုန်းမှတစ်ဆင့် SMS ပေးပို့မေးမြန်းမည်ဖြစ်ပြီး ဝန်ဆောင်မှုရယူသူများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများကို SMS ပြန်လည်ပေးပို့ခြင်းဖြင့် ဖြေကြားနိုင်မည်ဖြစ်ပါသည်။ ဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ ဌာနများအနေဖြင့် အဆိုပါတုံ့ပြန်မှုများကို အခြေခံကာ ဝန်ဆောင်မှုများ အရည်အသွေးတိုးတက်ကောင်းမွန်လာစေရေးအတွက် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို အချိန်မီဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝန်ဆောင်မှုရယူသည့် ပြည်သူများအနေဖြင့် မှန်ကန်စွာ ပြန်လည်ဖြေကြားရန် လိုအပ်မည်ဖြစ်သည်။

PFP အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် ရရှိလာသော ပြည်သူ့တုံ့ပြန်မှုများကို အခြေခံ၍ သက်ဆိုင်ရာဌာနအလိုက် အမှန်တကယ်ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့်အချက်များနှင့် လာဘ်ပေးလာဘ်ယူမှုများကို အချိန်တိုအတွင်းသိရှိပြီး အချိန်မီပြုပြင်နိုင်မည်ဖြစ်သဖြင့် အစိုးရနှင့်ပြည်သူအကြား ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် ပေးပို့လိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကာ “အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ဝန်ဆောင်မှုများ ကောင်းစေဖို့ “1111” ကို ဖြေကြားစို့**
**အဂတိပယ်ခွာ ပြည်သာယာဖို့ “1111” ကို ဖြေကြားစို့**

**ရည်ညွှန်းကိုးကားစာရင်း**

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် Website မှ ဖော်ပြမှုများ
- မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများပါ အချက်အလက်များ

# ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၃ မြို့နယ်မှ နေထိုင်သောပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန်အစီအစဉ်တွင် အကျုံးဝင်ခြင်းမှပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

အမိန့်အမှတ်၊ ၅၁၉/၂၀၂၁

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များမှ ရောဂါကူးစက်မှုများပြားသော မြို့နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်း နေထိုင်သည့်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော ၁၄ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ ဓာတ်ခွဲအတည်ပြု လူနာများမှာလည်း တစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ Stay at home အစီအစဉ်ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူ စစ်ဆေးရာတွင်လည်း လွန်ခဲ့သော ၁၄ ရက်အတွင်း ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ နေထိုင်သော ပြည်သူများအနေဖြင့် ၂၀-၁၁-၂၀၂၁ ရက်၊ နံနက် ၄ နာရီအချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်-

(က) **ကချင်ပြည်နယ်**
- (၁) ဖားကန့်မြို့နယ်။

(ခ) **စစ်ကိုင်းတိုင်းဒေသကြီး**
- (၁) ကျွန်းလှမြို့နယ်၊
- (၂) မုံရွာမြို့နယ်။

(ဂ) **မကွေးတိုင်းဒေသကြီး**
- (၁) တောင်တွင်းကြီးမြို့နယ်၊
- (၂) မကွေးမြို့နယ်၊
- (၃) မင်းဘူးမြို့နယ်၊
- (၄) ဆင်ပေါင်ဝဲမြို့နယ်၊
- (၅) မင်းတုန်းမြို့နယ်၊
- (၆) မင်းလှမြို့နယ်၊
- (၇) သရက်မြို့နယ်၊
- (၈) အောင်လံမြို့နယ်။

(ဃ) **မန္တလေးတိုင်းဒေသကြီး**
- (၁) ပြင်ဦးလွင်မြို့နယ်။

(င) **ဧရာဝတီတိုင်းဒေသကြီး**
- (၁) ပုသိမ်မြို့နယ်။

၄။ အထက်ပါမြို့နယ်များအား Stay at home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာကြရမည်ဖြစ်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများ ဖွင့်လှစ်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ကိုဗစ်-၁၉ ကပ်ရောဂါ အန္တရာယ်ကြောင့် ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်မှစ၍ ခေတ္တပိတ်ထားခဲ့ရသော လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ အတည်ပြုချက်အရ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေးအဖွဲ့၏ နိုဝင်ဘာ ၁၁ ရက် ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၁ ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ နိုဝင်ဘာ ၁၅ ရက်မှ စတင်၍ ပြန်လည်ဖွင့်လှစ်ခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် အသက် ၃ နှစ်မှ ၅ နှစ်အတွင်းရှိ မူလတန်းကြိုအရွယ်ကလေးငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုများရရှိနိုင်စေရန်ရည်ရွယ်၍ မူကြိုကျောင်းများ ဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ ၂၀၂၀ ပြည့်နှစ် မတ်လအထိ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ဌာနမူလတန်းကြိုကျောင်း ၁၄၂ ကျောင်းတွင် ကလေးဦးရေ ၁၉၀၆၉ ဦးကို သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုအခြေအနေကြောင့် မူလတန်းကြိုကျောင်းများကို တစ်နှစ်ကျော်ကြာ ပိတ်ထားခဲ့ရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်သည့်အချိန်တွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဌာနမူလတန်းကြိုကျောင်း ၈၇ ကျောင်းကို နိုဝင်ဘာ ၁၅ ရက်တွင် စတင်ဖွင့်လှစ်၍ ကလေးဦးရေ ၂၂၄၅ ဦးကို လက်ခံပြီး သင်ကြားလေ့ကျင့်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ဒေသအခြေအနေများအရ မူလတန်းကြိုကျောင်းများ ဖွင့်လှစ်နိုင်ခြင်း မရှိသေးသောဒေသများတွင် ကလေးငယ်များအတွက် သင်ကြားလေ့ကျင့်မှုများ စဉ်ဆက်မပြတ်ရရှိနိုင်စေရန် မူလတန်းကြိုကျောင်း ၃၄ ကျောင်းကို Online အစီအစဉ်ဖြင့် ဖွင့်လှစ်ပြီး ကလေးဦးရေ ၃၀၇ ဦးကို သင်ကြားလေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်တွင် မူလတန်းကြိုကျောင်းပေါင်း ၁၂၁ ကျောင်းတွင် ကလေးဦးရေ ၂၅၅၂ ဦး တက်ရောက်သင်ယူလျက်ရှိသည်။ ထိုနည်းတူစွာ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် တစ်ပြိုင်နက်ဖွင့်လှစ်ပြီး သင်ကြားပေးနေပြီဖြစ်သည်။



ကလေးများသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးမှုများရရှိစေရေးအတွက် ဆရာ၊ မိဘပူးပေါင်း၍ သင်ကြားလေ့ကျင့်ပေးနိုင်ရေးသည် အရေးကြီးသဖြင့် မူလတန်းကြိုကျောင်းများသည် ကလေးငယ်များအတွက် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်ခံစားမှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသက်အရွယ်နှင့်အညီ ရရှိနိုင်သောကြောင့် ဌာနမူလတန်းကြိုကျောင်းများတွင် ကလေးငယ်များအားလုံး ပျော်ရွှင်တက်ကြွစွာဖြင့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# ဓုရနှစ်ဖြာ သံဃာ့ဝန်တာ

အောင်ဇေယျ

၂၀၂၂ ခုနှစ် နိုဝင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် စောထိပ်တင်(ပွင့်ဖြူ)စပ်သော 'ဥပုသ်ဆွမ်း' ကဗျာကို ဖတ်ရ၏။ ဥပုသ်နေ့တိုင်း ဆွမ်း၊ ဆွမ်းဟင်းချက်ပြုတ်၍ ဘုန်းကြီးကျောင်းသို့ ဆွမ်းပို့သောမောင်နှံ၏ သဒ္ဓါတရားကို ခံစားရသည်။ ဆွမ်းပို့သောရည်ရွယ်ချက်ကို ကဗျာတွင် အောက်ပါအတိုင်း စပ်ဆိုထား၏။

"သာသနာ တာဝန်ထမ်းတဲ့
ရဟန်း ထေရ်သံဃာတို့
ကျမ်းပေစာ ပရိယတ်နဲ့
ပဋိပတ် ဘာဝနာပွားလို့
နှစ်ပါးဓုရ နှစ်ကာလုပ်ရအောင်…" ဟု တွေ့ရသည်။ သံဃာတို့ ဓုရနှစ်ဖြာကို ကျင့်သုံးနိုင်စေရန် ဆွမ်းအာဟာရကပ်လှူကြောင်း စာဆိုကရေးဖွဲ့သည်။

'နှစ်ပါးဓုရ'ဟု စာဆိုသုံးနှုန်းပုံကို နှစ်သက်ပါသည်။ ရဟန်းအလုပ်ကို ခြုံမိစေသည်။ အဓိပ္ပာယ်မှာ ကဗျာတွင်ပါပြီးဖြစ်သည်။ သို့သော် ကဗျာကိုခံစားရင်း စာချဆရာတော်တွေ၊ စာလိုက်စာအံ ရဟန်းသာမဏေတွေ၊ ဓမ္မကထိကဆရာတော်တွေ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်တွေကို မြင်ယောင်လာပြီး ဓုရအကျယ် အဓိပ္ပာယ်ဖွင့်လိုသောဆန္ဒ ပြင်းပြလာမိသည်။

**"ဓုရ"** ဟူသည် ကျင့်ဆောင်ရမည့်တာဝန်ဖြစ်သည်။ မြတ်စွာဘုရား၏ သာသနာတော်အတွင်းသို့ ဝင်ရောက်လာသော ရဟန်းသာမဏေတို့၊ သီလရှင်တို့ မချွတ်ဧကန် အမှန်ကျင့်ဆောင်ရမည့် လုပ်ငန်းဖြစ်သည်။

သဗ္ဗညုတဘုရားရှင်၏ ဓမ္မဝိနယခေါ်သာသနာတော်၌ **ဓုရ** (တာဝန်)နှစ်မျိုးရှိရာ စွမ်းနိုင်ပါက ဓုရနှစ်မျိုးလုံးကို ကျင့်ဆောင်ရပြီး နှစ်မျိုးလုံးမကျင့်ဆောင်နိုင်ပါက မိမိနှစ်သက်ရာ ဓုရတစ်မျိုးကိုကား မဖြစ်မနေကျင့်ကြံအားထုတ်ရပါသည်။ ယင်းသို့ ကျင့်ကြံနေထိုင်မှသာလျှင် သာသနာ့ဝန်ထမ်း စင်စစ်ဧကန်ဖြစ်နိုင်ပါသည်။

ထိုဓုရတာဝန်မှာ နှစ်မျိုးရှိ၏။ ၎င်းနှစ်မျိုးမှာ (၁) ဂန္ထဓုရ၊ (၂) ဝိပဿနာဓုရတို့ဖြစ်သည်။

**(၁) ဂန္ထဓုရ**

ပရိယတ္တိစာပေကျမ်းဂန်များကို သင်ယူ၊ ဟောပြော၊ ပို့ချ၊ ရေးသား၊ ဖြန့်ဝေခြင်းကို **ဂန္ထဓုရ**ဟုခေါ်သည်။ မြတ်စွာဘုရား ၄၅ ဝါပတ်လုံး ဟောကြားတော်မူခဲ့သည့် သာမုက္ကံသိက၊ ပါဝစန၊ ဒေသနာဓမ္မတရားတော်များသည် လွန်စွာများပြားတော်မူလှသည်။ ထိုဒေသနာဓမ္မများကို ရှင်မဟာကဿပအစရှိသော သင်္ဂါယနာတင် ထေရ်ရှင်အဆက်ဆက်တို့က ခွဲဝေပိုင်းခြား၍ စုပေါင်းရွတ်ဆို မှတ်တမ်းတင်တော်မူခဲ့ကြသည်။ သင်္ဂါယနာတင်ခဲ့သော မှတ်တမ်းများအရ ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်ဓမ္မတို့ကို အောက်ပါအတိုင်း ခွဲဝေပိုင်းခြားနိုင်သည်။

(က) ရသအနေဖြင့် – ဝိမုတ္တိရသ (လွတ်မြောက်ခြင်းအရသာ) ဟု တစ်မျိုးသာရှိသည်။

(ခ) ဓမ္မဝိနယအနေဖြင့် – (၁) ဝိနယ = ဝိနည်းပိဋကၢ၊ (၂) ဓမ္မ = ဝိနည်းပိဋကမှကျန်တရားတော်အားလုံးဟု နှစ်မျိုးရှိသည်။

(ဂ) ပိဋကအနေဖြင့် – (၁) ဝိနယပိဋက၊ (၂) သုတ္တန္တပိဋက၊ (၃)အဘိဓမ္မာပိဋကဟုသုံးမျိုးရှိသည်။

(ဃ) နိကာယ်အနေဖြင့်–(၁) ဒီဃနိကာယ် (အကျယ်ဟောထားသောအုပ်စု)၊ (၂) မဇ္ဈိမနိကာယ်(မကျဉ်းမကျယ် ဟောထားသောအုပ်စု)၊ (၃)သံယုတ္တနိကာယ် (အမေးအဖြေယှဉ်တွဲ၍ ဟောထားသောအုပ်စု)၊ (၄) အင်္ဂုတ္တရနိကာယ် (အင်္ဂါအစိတ်အပိုင်းများကို အဆင့်ဆင့်တိုး၍ ဟောထားသောအုပ်စု)၊ (၅) ခုဒ္ဒကနိကာယ်(အကျဉ်းဟောထားသောအုပ်စု) ဟု ငါးမျိုးရှိသည်။

(င) အင်္ဂါအစိတ်အပိုင်းအနေဖြင့် –(၁)သုတ္တ (မင်္ဂလသုတ်၊ ရတနသုတ် စသော သုတ်အမည်ဖြင့် ဟောထားသောတရား)၊(၂) ဂေယျ(ဂါထာနှင့်တွဲစပ်၍ ဟောထားသောတရား)၊ (၃) ဝေယျာကရဏ(ဂါထာနှင့် စုဏ္ဏိယရော၍အင်္ဂါရှစ်တန်နှင့်ပြည့်စုံအောင် ဟောထားသောတရား)၊ (၄)ဂါထာ(ဂါထာသက်သက် ဟောထားသောတရား)၊ (၅) ဥဒါန (ရွှင်လန်းဝမ်းမြောက်စွာဖြင့် ထုတ်ဖော် ဟောထားသောတရား)၊ (၆)ဣတိဝုတ္တက("ဘုရားရှင်က ဤသို့ဟောသည်" ဟု ပြဆိုထားသောတရား)၊ (၇)ဇာတက (ငါးရာ့ငါးဆယ်ဇာတ်တော်များ)၊(၈)အဗ္ဘုတဓမ္မ(အံ့ဩဖွယ်ရာများနှင့်စပ်၍ဟောထားသောတရား)၊ (၉) ဝေဒလ္လ (အသိဉာဏ်၊ ပီတိ၊ သဒ္ဓါတရားတော်များ ဖြစ်ပေါ်ရရှိအောင် မေးမြန်းဖြေကြားလာသည့်တရား)ဟု ကိုးမျိုးရှိသည်။

(စ) ဓမ္မက္ခန္ဓာအားဖြင့် – (၁)– ဝိနည်းပိဋကတော်ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ (၂)သုတ္တန်ပိဋကတော်ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ (၃)အဘိဓမ္မာပိဋကတော်ဓမ္မက္ခန္ဓာ ၄၂၀၀၀ ဟူ၍ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရှိသည်။

ဆိုခဲ့ပြီးသည့် ရသအားဖြင့်တစ်ပါး၊ ဓမ္မ၊ ဝိနယအားဖြင့် နှစ်ရပ်၊ ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်သော ဗုဒ္ဓတရားတော်တို့ကို သင်ယူခြင်း၊ မှတ်သားခြင်း၊ ပို့ချခြင်း၊ ရေးသားခြင်း၊ ပြုစုခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း စသည်ဖြင့် ဆောင်ရွက်လျှင် " **ဂန္ထဓုရတာဝန်ကို ထမ်းဆောင်သည်**" ဟု ဆိုထိုက်ပါသည်။

**ဝိပဿနာလက္ခဏာ သုံးပါးရှိသည်။ ၎င်းတို့မှာ (၁) အနိစ္စလက္ခဏာ = ရုပ်နာမ်တရားများသည် ကုန်ဆုံးခြင်းသဘောရှိ၍ အမြဲမရှိဟု ရှုမှတ်ခြင်း၊ (၂) ဒုက္ခလက္ခဏာ=ရုပ်နာမ်တရားများသည် နှိပ်စက်တတ်သောသဘောရှိ၍ ဆင်းရဲ၏ဟု ရှုမှတ်ခြင်း၊ (၃)အနတ္တလက္ခဏာ = ရုပ်နာမ်တရားအားလုံးသည် ဓမ္မသဘောလက္ခဏာအတိုင်းဖြစ်နေ၍ မိမိအလိုသို့မလိုက်၊ မိမိအကြိုက်သို့မပါ၊ မိမိက အစိုးရခြင်းမရှိဟု သုံးမျိုးရှိ**

**(၂) ဝိပဿနာဓုရ**

သမထတရားပွားများခြင်း၊ ဝိပဿနာတရားပွားများ၍ တရားအလုပ်အားထုတ်နေခြင်းကို **ဝိပဿနာဓုရ** ဟုခေါ်သည်။

ကေဘူမက(ကာမ၊ ရူပ၊ အရူပ ဘုံသုံးပါး၌ ဖြစ်သော) ရုပ်နာမ်ဓမ္မသင်္ခါရတရားများကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း သဘောဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို ဉာဏ်၌ထင်မြင်လာအောင် အမြဲမပြတ်ရှုမှတ်ပွားများအားထုတ်ခြင်းသည် **ဝိပဿနာ**ဖြစ်ပါသည်။

ဝိပဿနာလက္ခဏာ သုံးပါးရှိသည်။ ၎င်းတို့မှာ (၁) **အနိစ္စလက္ခဏာ** = ရုပ်နာမ်တရားများသည် ကုန်ဆုံးခြင်းသဘောရှိ၍ အမြဲမရှိဟု ရှုမှတ်ခြင်း၊ (၂) **ဒုက္ခလက္ခဏာ** = ရုပ်နာမ်တရားများသည် နှိပ်စက်တတ်သောသဘောရှိ၍ ဆင်းရဲ၏ဟု ရှုမှတ်ခြင်း၊ (၃) **အနတ္တလက္ခဏာ** = ရုပ်နာမ်တရားအားလုံးသည် ဓမ္မသဘောလက္ခဏာအတိုင်းဖြစ်နေ၍ မိမိအလိုသို့ မလိုက်၊ မိမိအကြိုက်သို့မပါ၊ မိမိက အစိုးရခြင်းမရှိဟု သုံးမျိုးရှိပါသည်။

လောကီဘုံ၌ဖြစ်သည့်ကေဘူမကရုပ်နာမ်တရားများအပေါ် အဆိုပါလက္ခဏာရေး သုံးပါးထင်မြင်လာအောင် အမြဲမပြတ် ရှုမှတ်ပွားနေလျှင် **"ဝိပဿနာဓုရ တာဝန်ကို ထမ်းဆောင်သည်"** ဟု ဆိုထိုက်ပါသည်။

**ဝိပဿနာဉာဏ်ကို ပိုမိုရင့်သန်စေ**

ထို့ပြင် ဗုဒ္ဓဂုဏ်တော် စသည် ပွားများခြင်း၊ ရုပ်နာမ် ဖြစ်ရာ ကိုယ်ခန္ဓာကို အသုဘ(တင့်တယ်ခြင်းမရှိ၊ သာယာဖွယ်မဟုတ်) ဟု ရှုပွားခြင်း၊ ရေ ၊ မြေ၊ လေ၊ မီးစသော ကသိုဏ်းဝန်းရှုမှတ်ခြင်း၊ မေတ္တာပွားများခြင်း၊ ဈာဉ်ကျင့်စဉ်အားထုတ်ခြင်းများမှာ သမထ လုပ်ငန်းများဖြစ်ကြ၏။ သမထသည်လည်း ဝိပဿနာပွားများရန်အတွက် ကြိုတင်အားထုတ်ထားပါက သမာဓိဉာဏ်သန်ပြီး ဝိပဿနာလုပ်ငန်းအတွက် ပိုမိုကျေးဇူးပြုသည်။ ဝိပဿနာဉာဏ်ကို ပိုမိုရင့်သန်စေသည်။ သို့ဖြစ်၍ ဂုဏ်တော်ပွားများခြင်းစသော သမထလုပ်ငန်းများကို လုပ်ဆောင်လျှင်လည်း **"ဝိပဿနာဓုရ တာဝန်ထမ်းဆောင်သည်"** ဟုပင် ဆိုရမည်ဖြစ်၏။

သို့ဖြစ်ရာ ရဟန်းတို့၏ အလုပ်ဖြစ်သော ဓုရနှစ်ဖြာသည် အဘယ်မျှ ကျယ်ဝန်းနက်နဲ များပြားလှသည်ကို သိသာနိုင်ပေသည်။ သာသနာတော်အဓွန့်ရှည်တည်တံ့ရန် ရည်ရွယ်သဖြင့် မြင့်မြတ်သော အလုပ်လည်း ဖြစ်ပေသည်။ ဤအလုပ်ကို ဘုန်းကြီးတွေလုပ်နေကြသည်။

**အပြန်အလှန်အကျိုးပြု**

ထေရဝါဒ ရဟန်းတို့သည် အခြားဘာသာဝင် ဘုန်းကြီး၊ တရားဟောဆရာ၊ ဗလီဆရာတို့နှင့် မတူသောအချက်မှာ လောကီကိစ္စကင်းရှင်းရခြင်းဖြစ်သည်။ ထိုအခါ ရဟန်းတို့အတွက် အနည်းဆုံးလိုအပ်သော လောကီကိစ္စကို ဒါယကာတို့က ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသည့် ပစ္စည်းလေးပါးလှူဒါန်းခြင်းဖြင့် ကုသိုလ်ယူကြသည်။ ဤသည်မှာ ထေရဝါဒ ဗုဒ္ဓဘာသာတွင် မရှိမဖြစ်သည့် ဆရာ၊ ဒါယကာ အပြန်အလှန်အကျိုးပြု ဆက်ဆံရေးဖြစ်သည်။

ကဗျာပါမောင်နှံသည် ဓုရနှစ်ဖြာ ကျင့်ကြံနေသော ရဟန်းတော်တို့အတွက် ပစ္စည်းတစ်ပါး ကပ်လှူခြင်း ဖြစ်သည်။ "ဘုန်းကြီးတွေအလုပ်မလုပ်ဘဲ ထိုင်စားနေလို့ မြန်မာပြည်ဆင်းရဲနေတာ"ဟု တစ်ချိန်က စာရေးဆရာတစ်ယောက်၏ အဆိပ်ရည်ပြွမ်းသောဟောပြောချက်မှာ "မိစ္ဆာအတွေးအခေါ်" ဖြစ်ကြောင်း ထိုကဗျာလေးက ညွှန်ပြနေသည်။

## မွေးမြူရေးဒီပလိုမာသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ သင်ကြားမှုအဆင့်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းမွန်လာစေရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးအသက်မွေးဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်သူများအဖြစ် လေ့ကျင့်သင်ကြား မွေးထုတ်ပေးနိုင်ရေးအတွက် မွေးမြူရေးဒီပလိုမာသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ သင်ကြားမှုအဆင့်မြှင့်တင်ရေးကို ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**တိုးချဲ့ဖွင့်လှစ်နိုင်ရန်**

မြန်မာနိုင်ငံတွင် မွေးမြူရေးဆိုင်ရာ တက္ကသိုလ်တစ်ခုနှင့် စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းဖွင့်လှစ်ထားရှိသည်။ ယခုနှစ် ကျောင်းဖွင့်ရာသီမှစ၍ မွေးမြူရေး ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး စက်မှုလယ်ယာဒီပလိုမာ သင်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရေး မျှော်မှန်း ဆောင်ရွက်လျက်ရှိသည်။ လက်တွေ့အသုံးချပညာရပ်များကို အသက်မွေးဝမ်းကျောင်းပညာရပ်များအဖြစ် အသုံးပြုနိုင်ခြင်းသည် လူငယ်များအတွက် အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေသည်သာမက စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းတို့တွင် ကိုယ်တိုင်လုပ်ကိုင်ကြမည့် လယ်ယာစီးပွားလုပ်ငန်းရှင်များ ပေါ်ထွန်းစေလျက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၏ အရှိန်အဟုန်ကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဘက်စုံစံပြကျောင်းဖြစ်စေရန်**

၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်ခဲ့သည့် ပျဉ်းမနား စိုက်ပျိုးရေး သိပ္ပံကျောင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ရှိသည့်အတွက် သင်ကြားမှုကဏ္ဍနှင့် သန့်ရှင်းသာယာမှုအပိုင်းတွင် ဘက်စုံစံပြကျောင်းဖြစ်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဒေသအလိုက်ဖွင့်လှစ်ထားရှိသော စိုက်ပျိုးရေးသိပ္ပံကျောင်းများသည် မတူညီသောရေမြေ ဒေသ၊ ရာသီဥတုကို အသုံးချ၍ ဘာသာရပ်အလိုက် အထူးပြု ကျွမ်းကျင်မှုအရည်အသွေး မြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုသည် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အထောက်အပံ့ကောင်းများ ဖြစ်ပေါ်စေနိုင်သည့်အတွက် မွေးမြူရေး ဒီပလိုမာသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ သင်ကြားမှု အဆင့်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၂၄ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၈၂ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၂,၁၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၂၄) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၈၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၂၆,၂၅၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၆,၇၇၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၈၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၉,၁၄၀) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၁) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူစုစုပေါင်း (၁၉,၀၀၀) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါ ပိုးတွေ့ရှိမှုနှုန်းများမှာ (၅) ရာခိုင်နှုန်းအောက်သို့ လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာ မပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်းမရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်း မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာလိုက်နာကြပါရန် ဖြစ်ပါသည်။
  - **အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
  - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊**
  - **လက်ကို မကြာခဏဆေးကြောခြင်း၊**
  - **တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊**
  - **အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊**
  - **သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ် ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**
  - **ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊**
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၉-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၇၂)ခု | (၈၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၀)ခု | (၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၄)ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁၇)ခု | (၆)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၂၉)ခု | (၄)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၆)ခု | (၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၉၉)ခု | (၁၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၄၈)ခု | (၁၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၈၀၇)ခု | (၄၉၈)ဦး |
| စုစုပေါင်း | (၂၂,၁၆၂)ခု | (၆၂၄)ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၃၉၈၄၅၅ | ၃၈၃၃၀၀၇၃ | ၇၈၉၁၅၅ |
| ၂။ | အိန္ဒိယ | ၃၄၄၈၉၆၂၃ | ၃၃၈၉၇၉၂၁ | ၄၆၅၀၈၂ |
| ၃။ | ဘရာဇီး | ၂၁၉၈၉၉၆၂ | ၂၁၂၀၆၉၉၇ | ၆၁၂၁၇၇ |
| ၄။ | ဗြိတိန် | ၇၉၂၁၉၁၆ | ၇၉၇၇၈၈၁ | ၁၄၃၅၅၉ |
| ၅။ | ရုရှား | ၉၂၅၇၀၆၈ | ၇၉၅၆၂၅၄ | ၂၆၁၅၈၉ |
| ၆။ | တူရကီ | ၈၅၀၃၂၂၀ | ၇၉၉၉၇၄၅ | ၇၄၄၂၈ |
| ၇။ | ပြင်သစ် | ၇၃၅၁၃၂၄ | ၇၀၃၄၈၁၅ | ၁၁၈၃၇၃ |
| ၈။ | အီရန် | ၆၀၆၉၅၅၉ | ၅၇၅၉၃၇၈ | ၁၂၈၇၃၄ |
| ၉။ | အာဂျင်တီးနား | ၅၃၁၂၀၈၉ | ၅၁၇၇၂၀၂ | ၁၁၆၃၄၁ |
| ၁၀။ | ဂျာမနီ | ၅၂၃၈၂၁ | ၄၅၈၈၂၀၀ | ၉၉၁၆၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၂၇၀၅ | ၄၁၀၀၈၃၇ | ၁၄၃၇၁၄ |
| ၂။ | ဖိလစ်ပိုင် | ၂၈၂၃၂၁၀ | ၂၇၅၃၃၁၂ | ၄၆၆၉၈ |
| ၃။ | မလေးရှား | ၂၅၆၉၅၃၃ | ၂၄၇၂၂၈၃ | ၂၉၈၉၂ |
| ၄။ | ထိုင်း | ၂၀၅၀၉၈၀ | ၁၉၄၀၈၅၄ | ၂၀၃၀၃ |
| ၅။ | ဗီယက်နမ် | ၁၀၇၅၀၉၄ | ၈၈၃၅၆၄ | ၂၃၅၇၈ |
| ၆။ | မြန်မာ | ၅၁၆၇၇၀ | ၄၈၉၁၄၀ | ၁၉၀၀၀ |
| ၇။ | စင်ကာပူ | ၂၄၆၈၅၃ | ၂၂၄၆၈၂ | ၆၂၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၉၇၈၆ | ၁၁၆၁၇၀ | ၂၈၉၁ |
| ၉။ | လာအို | ၅၉၈၉၅ | ၄၈၅၅၆ | ၁၁၉ |
| ၁၀။ | ဘရူနိုင်း | ၁၄၃၉၉ | ၁၃၈၅၇ | ၉၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ဆေးလိပ်၊ ဆေးရွက်ကြီး နီကိုတင်းစွဲလမ်းမှုပြဿနာ

ပေါက်ပေါက်

**ယနေ့မြန်မာနိုင်ငံတွင် ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်း၊ ဆေးငုံခြင်းများကို စွဲလမ်းကြရသည့် အကြောင်းရင်းသည် ဆေးရွက်ကြီးတွင်ပါရှိသော နီကိုတင်းဓာတ်၏အာနိသင်ကြောင့် ဖြစ်ပါသည်။ ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းတို့ လျှော့နည်းပပျောက်ရေး၊ ၎င်းအမူအကျင့်များနှင့် ဆက်စပ်သည့်ရောဂါများ ဖြစ်ပွားမှုလျှော့ချနိုင်ရေး စသည်တို့အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့ရာ ယခုဆိုလျှင် ဆယ်စုနှစ်တစ်ခုထက် ၁၅ နှစ်ကျော်လွန်လာခဲ့ပြီ ဖြစ်ပါသည်။ ယင်းဥပဒေအရ ဆေးလိပ်ဘူးများတွင် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း သတိပေးစာတန်း၊ အဆုတ်နှင့် ပါးစောင်တို့တွင် ကင်ဆာရောဂါဖြစ်ပွားပုံများကို ဖော်ပြထားသည်။ သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယို စသည့် ဘက်ပေါင်းစုံသတင်းမီဒီယာများမှ သတိပေးနှိုးဆော်ထားသည့်အတွက် ပြည်သူလူထုအကြား နီကိုတင်းအဆိပ်ဆိုးကျိုးများကို အထိုက်အလျောက် အသိပညာဝင်ရောက်နေကြပြီဖြစ်သော်လည်း စွဲလမ်းမှုကို ဖြတ်မရဖြစ်နေကြသေးသည်။**

### နီကိုတင်း (သို့မဟုတ်) အဆိပ်ငွေ့

နီကိုတင်း (Nicotine) ဆိုသည်မှာ ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်ပြီး ဓာတုနည်းအရ ဖော်မြူလာကို $C_{10}H_{14}N_2$ ဟု သတ်မှတ်သည်။ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီးနောက် ၎င်းနီကိုတင်းဓာတ်သည် ခန္ဓာကိုယ်တွင်း နာရီ ၂၀ ကြာသည်အထိ အာနိသင်မပြယ်ရှိနေတတ်ပြီး ၎င်းဝင်ရောက်မှုပမာဏ၏ ရာခိုင်နှုန်းအနည်းငယ်ကိုသာ ဆီးအဖြစ် ကျောက်ကပ်က အဆိပ်ဖယ်ရှားနိုင်ပါသည်။ မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် နီကိုတင်းအဆိပ်သင့်နိုင်သည်။ ဆေးလိပ်ငွေ့ထဲတွင် ကင်ဆာဖြစ်စေနိုင်သည့် ဓာတုပစ္စည်း ၅၀ ကျော်နှင့် အခြားဓာတ်ပစ္စည်းအမျိုးပေါင်း ၄၀၀၀ ကျော်တို့ပါဝင်သည်။ ရာပေါင်းများစွာသော ပစ္စည်းများသည် အဆိပ်အတောက်ဖြစ်စေပြီး ၇၀ ခန့်မှာ ကင်ဆာရောဂါကို ဖြစ်စေသည်။ ရုံးခန်း၊ အိမ်ခန်း၊ အိမ်စီးကားများအတွင်း ဆေးလိပ်သောက်ပါက ဆေးလိပ်မှုန်များသည် ကြမ်းပြင်၊ ကြမ်းခင်း၊ ကော်ဇော၊ ဆိုဖာဆက်တီ၊ ဗီရို စသည်တို့အပေါ်တွင် စွဲတင်ကျန်နေပြီး နီကိုတင်းဓာတ်မှာ ရက်ပေါင်းများစွာတည်ရှိနေသည်။ လေလုံသည့်အခန်းတစ်ခုထဲတွင် ဆေးလိပ်ငွေ့၏ အကြွင်းအကျန်များက ငါးနာရီခန့်ကြာသည်အထိ ရှိနေတတ်သည်။ ကျန်းမာရေးအတွက် အလွန်အန္တရာယ်များပြီး ၎င်းပြဿနာကို Third Hand Smoke ဟုခေါ်သည်။

### နီကိုတင်းဆိုးကျိုးများ

နီကိုတင်းဓာတ်သည် လူကိုစွဲလမ်းစေတတ်သောဂုဏ်သတ္တိရှိပြီး စိတ်ကိုပါပြောင်းလဲစေတတ်ပါသည်။ လေ့လာမှုမှတ်တမ်းများအရ နီကိုတင်းစွဲလမ်းမှုသည် အရက်စွဲလမ်းမှုထက် ခြောက်ဆမှ ရှစ်ဆအထိပိုကြောင်း သိရသည်။ ထို့ကြောင့် နီကိုတင်းကို သုံးစွဲမိသွားသူများမှာ ၉၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိဖြစ်သွားကြသည်။ ဆေးလိပ်ထဲတွင်ပါရှိသော နီကိုတင်းဓာတ်သည် ကောင်းစွာအိပ်စက်မှုကို နှောင့်ယှက်ရုံသာမက အဆုတ်ထဲရောက်သွားသော နီကိုတင်းအဆိပ်ဓာတ်တို့သည် အိပ်ပျော်နေစဉ် အသက်ရှူလမ်းကြောင်းကိုပါ အဟန့်အတားဖြစ်စေသည်။ ထိုမျှမက နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်၊ လေဖြတ်၊ အဆုတ်ပြွန်ရောင်၊ အဆုတ်ပွ၊ သွေးတိုး၊ ခြေပုပ်လက်ပုပ်၊ ပန်းသေပန်းညှိုး၊ ပါကင်န်ဆဲန် (ခေါ်) ခြေတုန်လက်တုန်ရောဂါ၊ အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်ဇရာကြိုရောဂါ၊ အူရောင်ရောဂါ၊ သတိမေ့လျော့သွားခြင်း၊ စိတ်ကျရောဂါ၊ အဝလွန်ခြင်း၊ အဆစ်အမျက်ရောင်နှာ စသည့်ရောဂါများစွာကို ခံစားရရှိနိုင်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များကိုယ်တိုင် ဆေးလိပ်သောက်၍ဖြစ်စေ၊ ကိုယ်ဝန်ဆောင်စဉ် second smoker အဖြစ် နီကိုတင်းဓာတ်ကို မကြာခဏ ရှူရှိုက်မိ၍ဖြစ်စေ မိခင်ရောသန္ဓေသားပါ ဆိုးကျိုးများစွာကို ခံစားရနိုင်ပါသည်။ နီကိုတင်းဓာတ်ကြောင့် ခံတွင်း၊ ဆီး၊ ချွေးရနံ့ဆိုးများပါ ထွက်စေသည်။

### နီကိုတင်းစွဲလမ်းခြင်းပုံစံသစ်များ

တစ်ကမ္ဘာလုံးတွင် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကို ထိန်းချုပ်လျှော့ချရန် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းလာကြသောအခါ ဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်တချို့က လူကိုစွဲလမ်းစေသည့်နီကိုတင်းကို အခြားနည်းလမ်းများဖြင့် သုံးစွဲမှုပျံ့နှံ့လာစေရန် ကြိုးပမ်းလာကြသည်။ အီးစီးကရက်နှင့် အီလက်ထရွန်နစ်သုံး အငွေ့ရှူကိရိယာများသာမက ရေပြောင်း(water pipe)နှင့် shisha ကဲ့သို့သော အငွေ့ရှူကိရိယာအသုံးအဆောင်များသည် နီကိုတင်း၏ပုံစံသစ်များဖြစ်သည်။ နီကိုတင်းကို အီလက်ထရွန်နစ်နည်းဖြင့် သုံးစွဲသည့်ပုံစံသို့ပြောင်းသွားပြီး ခေတ်မီစတိုင်ကျသည့်ပုံစံအဖြစ် လူငယ်ထုအတွင်း ထိုးဖောက်ဝင်ရောက်လာသည်။ နီကိုတင်းသာမက အခြားဓာတုပစ္စည်းများ၊ အနံ့အရသာများဖြင့် ထုတ်လုပ်ထားသည့် အီးစီးကရက်အမျိုးမျိုးတို့ကို ကျပ် သောင်းဂဏန်း၊ သိန်းဂဏန်းတန်ဖိုးများဖြင့် ဈေးကွက်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ဝယ်ယူသုံးစွဲနေကြသည်။ တရုတ်၊ မလေးရှား၊ ဂျပန်၊ ဗြိတိန်၊ အမေရိကန်ကုမ္ပဏီထုတ် အီးစီးကရက်တို့ကို ဈေးကြီးကြီးပေးဝယ်ကာ စတိုင်ထုတ်သုံးစွဲခြင်းဖြင့် ခေတ်မီသည်၊ အဆင့်အတန်းရှိသည်ဟု အတွေးမှားအမြင်မှားနေကြခြင်းမှာ ငွေကိုမီးရှို့၍ မိမိကိုယ်ကို အသက်တိုစေခြင်းသာဖြစ်ပေသည်။ ထို့ကြောင့် အသိ၊ သတိဖြင့် မိမိကိုယ်တိုင် စိတ်ကိုထိန်းချုပ်ရန် အထူးလိုအပ်သလို သက်ဆိုင်ရာဌာနများအနေဖြင့်






လည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အတူ ဘက်ပေါင်းစုံမှ ဝိုင်းဝန်းထိန်းချုပ်ကာ လူငယ်လူရွယ်များအတွင်း အသိပညာပေးရေး၊ တားဆီးထိန်းချုပ်ကာကွယ်ရေးတို့ကို ပြည်သူလူထုကြား ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းပေးရန်လိုပါသည်။

### နီကိုတင်းဓာတ် အဆိပ်ဖြေနည်း

ဆေးလိပ်၊ ဆေးရွက်ကြီးမှ နီကိုတင်းဓာတ်က လူ့သက်တမ်းကို တိုတောင်းစေနိုင်ကြောင်း ကျန်းမာရေးအသိရှိနေကြသော်လည်း လူအများစုက ဖြတ်တောက်ရန် ခက်ခဲနေကြသည်။ သို့ပါ၍ နီကိုတင်းအဆိပ်များပြေပျောက်စေမည့် အောက်ဖော်ပြပါ အစားအစာများကို စားသုံးနိုင်ပါသည်။

- လက်ဖက်ခြောက်ခတ်ထားသော ရေနွေးပူပူ၊ ပူရှိန်းဓာတ်ပါသော ပီကေ (သို့မဟုတ်) အချိုဓာတ်လျော့သော ပူရှိန်းသကြားလုံးများ၊ ပူရှိန်းငုံဆေးပြားများက ဆေးလိပ်သောက်ချင်စိတ်ကို ချိုးနှိမ်ကာ ခံတွင်းချဉ်ခြင်းမှလည်း သက်သာစေပါသည်။
- ရေများများသောက်ပါ။
- ဆေးလိပ်ဖြတ်ခြင်းကို အထောက်အကူပြုသည့် bupropion (Zyban)နှင့် varenicline (Chantix) စသော ဆေးဝါးများ မှီဝဲသောက်သုံးပါ။
- မုန်လာဥနီက ဆေးလိပ်သောက်သုံးသူများနှင့် စီးကရက်မီးခိုးငွေ့ရှူရှိုက်မိသူများအတွက် နီကိုတင်းအဆိပ်ငွေ့ ဖြေလျှော့ပေးနိုင်ပါသည်။
- ဘရိုကိုလီ (ခေါ်) ပန်းဂေါ်ဖီစိမ်း၊ ပန်းဂေါ်ဖီဖြူ၊ ဂေါ်ဖီထုပ်၊ မချိုသော လိမ္မော်သီး၊ ကီဝီသီး၊ ပန်းသီး၊ တလည်းသီး၊ သံပရာသီး၊ ဘယ်ရီသီးအမျိုးမျိုး၊ ပူစီနံရွက်၊ ကိုက်လန်၊ ချင်း၊ နနွင်း၊ ကြက်သွန်ဖြူ၊ လက်ဖက်နှင့် ဟင်းနုနယ်ရွက် စသည်တို့ကလည်း ခန္ဓာကိုယ်တွင်းရှိ နီကိုတင်းအဆိပ်အတောက်များကို ဖယ်ရှားသုတ်သင်ပေးနိုင်ပါသည်။

ဆေးလိပ်ဖြတ်သူတစ်ဦးအနေဖြင့် ၁၂ နာရီအတွင်း သွေးထဲတွင် ကာဗွန်မိုနောက်ဆိုက်ပမာဏ ပုံမှန်ဖြစ်သွားပြီး နှစ်ပတ်မှ ၁၂ ပတ်အကြာတွင် အဆုတ်၏လုပ်ဆောင်မှုများ တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ပြင် တစ်နှစ်မှလေးနှစ်အတွင်း သေဆုံးနိုင်ခြေကို ထက်ဝက်မျှ လျှော့ချနိုင်မည်ဖြစ်ပါသည်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူရှစ်သန်းမျှ အရွယ်မတိုင်ခင်သေဆုံးကြကြောင်း လေ့လာတွေ့ရှိချက်အရ သိရသည်။ ထို့ကြောင့် မိမိနှင့်တကွ မိမိနှင့်အနီးဆုံးလူများကို နီကိုတင်းအဆိပ်သင့် ရောဂါဆိုးများ ကျရောက်လာနိုင်သည်ဟူသော ကျန်းမာရေးအသိတရားဖြင့် ဆင်ခြင်တုံတရား ရှိကြစေလိုပါသည်။

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများဖြစ်ပွားရခြင်းအကြောင်းရင်းများအနက် ဆေးလိပ်(စီးကရက်သောက်ခြင်း)၊ ကွမ်း(ဆေးရွက်ကြီးစားခြင်း)တို့မှာ အဓိကအကြောင်းရင်းများဖြစ်သည်။ ပညာရှင်များ၏ လေ့လာဆန်းစစ်မှု မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်၊ ကွမ်းစားသည့် အလေ့အထမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လွန်စွာမြင့်မားနေကြောင်း၊ မြန်မာနိုင်ငံတွင် လူ ၁၀၀ လျှင် ပျမ်းမျှ ၂၆ ဦးကျော်က ဆေးလိပ်သောက်ကြပြီး ၄၃ ဦးက ဆေးပါသည့်ကွမ်းကို စားနေကြကြောင်း၊ ဆေးလိပ်သောက်ကွမ်းစားကြရာတွင် အမျိုးသားများသာမက အမျိုးသမီးများလည်း ပါဝင်နေကြကြောင်း တွေ့ရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အဆိုအရ ဆေးရုံတင်ထားရသည့် ကိုဗစ်-၁၉ လူနာများတွင် ရောဂါလက္ခဏာ ပြင်းထန်စွာခံစားရခြင်းနှင့် သေဆုံးမှုမြင့်တက်ခြင်းတို့သည် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးခြင်းနှင့် ဆက်စပ်မှုရှိသည်ဟု သိရပါသည်။ နီကိုတင်းအဆိပ်က နှလုံးနှင့် အဆုတ်ရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေပါသည်။ ဖော်ပြပါအကြောင်းကြောင်းကြောင့် ယခုပစ္စုပ္ပန်အချိန်က ဆေးလိပ်ဖြတ်ရန်အတွက် အသင့်တော်ဆုံးအချိန်ဖြစ်ကြောင်းနှင့် ယခုလို ဆေးလိပ်ဖြတ်လိုက်မည်ဆိုလျှင်လည်း သင့်မိသားစုက သင့်အား ကျေးဇူးတင်နေမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးနှိုးဆော်ထားပါသည်။ သို့ပါ၍ ဆေးလိပ်သောက်သူများသာမက တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရသူများတွင်လည်း ကိုဗစ်-၁၉ ရောဂါပိုးဝင်ရောက်ပါက အခြေအနေပြင်းထန်နိုင်ပါကြောင်းနှင့် သတိ အသိစိတ်ဓာတ်တို့ဖြင့် ဆင်ခြင်ကြစေလိုကြောင်း ရေးသားအကြံပြုလိုက်ရပါသည်။ ။

> ❖ **ဆေးလိပ်ဖြတ်သူတစ်ဦးအနေဖြင့် ၁၂ နာရီအတွင်း သွေးထဲတွင် ကာဗွန်မိုနောက်ဆိုက်ပမာဏ ပုံမှန်ဖြစ်သွားပြီး နှစ်ပတ်မှ ၁၂ ပတ်အကြာတွင် အဆုတ်၏ လုပ်ဆောင်မှုများ တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ပြင် တစ်နှစ်မှလေးနှစ်အတွင်း သေဆုံးနိုင်ခြေကို ထက်ဝက်မျှ လျှော့ချနိုင်မည်ဖြစ်ပါသည်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူရှစ်သန်းမျှ အရွယ်မတိုင်ခင်သေဆုံးကြကြောင်း လေ့လာတွေ့ရှိချက်အရ သိရ**
>
> ❖ **ယခုပစ္စုပ္ပန်အချိန်က ဆေးလိပ်ဖြတ်ရန်အတွက် အသင့်တော်ဆုံးအချိန်ဖြစ်ကြောင်းနှင့် ယခုလို ဆေးလိပ်ဖြတ်လိုက်မည်ဆိုလျှင်လည်း သင့်မိသားစုက သင့်အား ကျေးဇူးတင်နေမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးနှိုးဆော်ထား**

## အမေရိကန်နိုင်ငံ၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကာကွယ်ဆေးအပိုထပ်ဆောင်းထိုးနှံရန် Pfizer နှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အတည်ပြု

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနက Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံမှုအစီအစဉ်တွင် သုံးစွဲရန် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

ကနဦးတွင် အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများ၊ နာတာရှည်ရောဂါခံစားနေရသူများနှင့် ကျန်းမာရေးဝန်ထမ်းများကိုသာ အပိုထပ်ဆောင်းကာကွယ်ဆေးထိုးနှံခွင့်ပြုထားသည်။ လက်ရှိတွင် အသက် ၁၈ နှစ်နှင့် အထက်ပြည်သူအားလုံးကို အပိုထပ်ဆောင်း ကာကွယ်ဆေးထိုးနှံရန် ခွင့်ပြုလိုက်ပြီဖြစ်သည်။

ပြည်သူအားလုံး အပိုထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းများ လျော့ကျလာနိုင်မည်ဖြစ်ကြောင်း အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ တာဝန်ရှိသူ ဂျနက် ဝဒ်ကွတ်က ဆိုသည်။

ဆောင်းရာသီကာလ အစပြုနေပြီဖြစ်သည့်အတွက် ရောဂါကူးစက်မှုနှုန်းများလည်း အနည်းငယ်မြင့်တက်လာနိုင်ကြောင်းနှင့် ယင်းသို့ ရောဂါကူးစက်မှုမြင့်တက်နိုင်ဖွယ်ရှိသည့်အချိန်တွင် ကာကွယ်ဆေးအပိုထပ်ဆောင်းထိုးနှံမှုအစီအစဉ်တွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို သုံးစွဲခွင့် အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း Moderna ဆေးဝါးကုမ္ပဏီအကြီးအကဲ စတေပ်ဟန်နှ်စ်ဘန်ဆယ်လ်က ဆိုသည်။




အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနက ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူထားသည့် ပြည်သူအများအပြားထံမှရရှိသည့် ရောဂါခုခံနိုင်စွမ်းနှင့်ပတ်သက်သည့် ဆေးမှတ်တမ်းများအပေါ် အခြေခံပြီး အဆိုပါကာကွယ်ဆေးနှစ်မျိုးကို သုံးစွဲရန် အတည်ပြုခဲ့ခြင်းဖြစ်သည်။ **ကိုးကား – စီအင်န်အေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၃၄ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် နိုဝင်ဘာ ၁၉**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၃၄ ဦး ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၀၉၀၉၉ ဦးရှိလာကြောင်း သိရသည်။

မကြာသေးမီက ဆိုးလ်မြို့ပြဒေသ၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ရောဂါကူးစက်ခံရမှုများတွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာခဲ့သည်။ လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများ၌ ဆိုးလ်ဒေသခံ ၁၃၉၇ ဦး၊ ဂျောင်ဂီပြည်နယ်၌ ၈၄၄ ဦးနှင့် နိုင်ငံအနောက်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သည့် အင်ချွန်း၌ ၁၈၇ ဦး အသီးသီးရှိကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ကျေးလက်ဒေသများတွင်လည်း ကိုဗစ်-၁၉ရောဂါကူးစက်မှုများ မြင့်တက်လာခဲ့ပြီး ကျေးလက်ဒေသများရှိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများသည် ပြည်တွင်းကူးစက်မှုများ၏ ၁၉ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ပြည်ပမှပြန်လည်ရောက်ရှိလာသူ ၁၅၄၇၂ ဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၁၅ ဦးရှိကြောင်း သိရသည်။ လက်ရှိအချိန်၌ ၄၀၃၇၄၄၄၄ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီး ၁၆၀၈၄၆၆ ဦးမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## ကနေဒါနိုင်ငံ၌ အသက် ငါးနှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံရန် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အတည်ပြု

**အော့တဝါ နိုဝင်ဘာ ၁၉**

ကနေဒါကျန်းမာရေးအာဏာပိုင်များက အသက် ငါးနှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့ အတည်ပြုကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း၌ အသက် ၁၂ နှစ်အောက်အရွယ် ကလေးငယ်များတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသည့်အတွက် အသက် ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးရန် ကျန်းမာရေးအာဏာပိုင်များက ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်သည်။

ကလေးငယ်များ ကာကွယ်ဆေးထိုးနှံရာတွင် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာပြဿနာများအပေါ် သေချာစွာဆန်းစစ်ပြီးနောက် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ကနေဒါကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ် ဂျက်စတင် ထရူဒေါက နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အသုံးပြုရန် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂ ဒသမ ၉ သန်းကို ဝယ်ယူရန် လွန်ခဲ့သောလက လက်မှတ်ရေးထိုးခဲ့သည်။

အလားတူ အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ကလည်း အသက် ငါးနှစ်မှ ၁၁ နှစ်အကြား ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးရန် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အောက်တိုဘာ ၂၉ ရက်က အတည်ပြုခဲ့ကြောင်း သိရသည်။ **ကိုးကား – စီအင်န်အေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈ ဒသမ ၅၇ သန်း ကျော်ရှိလာ

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၉**

အာဖရိကတိုက်၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၅၇၃၄၈၀ ရှိလာကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၂၁၄၀၈ ဦး ရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၈၀၀၁၈၄၅ ဦးရှိကြောင်း သိရသည်။ ဒေသအတွင်းရှိ နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

ထို့ပြင် အာဖရိကတောင်ပိုင်း၌ ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှု ဒုတိယအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၁၀၆ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ နိုဝင်ဘာ ၁၉**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၁၀၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၄၄၈၉၆၃၃ ဦးအထိ မြင့်တက်လာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၄၅၉ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၆၅၀၈၂ ဦး ရှိလာသည်။ လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၂၆၆၂၀ ရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ လူနာ ၁၂၇၈၉ ဦး ရောဂါမှပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၃၃၈၉၇၉၂၁ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**



## တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အသက် သုံးနှစ်မှ ၁၁ နှစ်အကြား ကလေးငယ် ၉၅၀၀၀၀ ကျော်အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

**ပေကျင်း နိုဝင်ဘာ ၁၉**

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ အသက်သုံးနှစ်မှ ၁၁ နှစ်အကြား ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၉၅၀၀၀၀ ကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို အောက်တိုဘာ ၂၈ ရက်တွင် စတင်ခဲ့ပြီး ကလေးငယ် ၉၅၀၀၀၀ ကျော်အား ကာကွယ်ဆေးတစ်ကြိမ်စီ ထိုးနှံပေးပြီးဖြစ်သည်။

ပေကျင်းမြို့တော်ရှိ ဒေသခံပြည်သူ ၂၁ ဒသမ ဖ သန်းကျော်သည် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။

ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံရန် မိဘအုပ်ထိန်းသူများက ကျန်းမာရေးဝန်ထမ်းများအား လာရောက်သတင်းပေးပို့ရန်နှင့် ကလေးငယ်များ၏ ကျန်းမာရေးအခြေအနေကိုပါ ကြိုတင်အသိပေးထားရန်လိုအပ်ကြောင်း မိဘအုပ်ထိန်းသူများအား တာဝန်ရှိသူများက တိုက်တွန်းထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသော နိုင်ငံခြားသားခရီးသွားများအား ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ခွင့်ပြုမည်

**မနီလာ နိုဝင်ဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံအပါအဝင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနည်းပါးသော နိုင်ငံနှင့်ဒေသပေါင်း ၄၀ ကျော်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသော နိုင်ငံခြားခရီးသွားများအား နိုင်ငံအတွင်းသို့ မကြာမီအချိန်တွင် ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဖိလစ်ပိုင်နိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းအဖွဲ့၏ပူးတွဲသဘာပတိဖြစ်သူ ကာလိုနိုဂရာလတ်စ်က ယနေ့တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်းသို့ အဆိုပါနိုင်ငံများမှ ခရီးသွားများအား ပြန်လည်ဝင်ရောက်ခွင့်ပြုမည့် နေ့ရက်သတ်မှတ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ ပြန်လည်ပြင်ဆင်သတ်မှတ်ရေးတို့အတွက် အပြီးသတ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်းရှိအပန်းဖြေကမ်းခြေများကိုလည်း ကမ္ဘာလှည့်ခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ်ရန်စီစဉ်ထားပြီး ယခုကဲ့သို့သော ဆောင်ရွက်ချက်သည် နိုင်ငံစီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၈၂၃၂၁၀ ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၆၆၉၈ ဦးရှိသည်။ လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၂၂ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**





## မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၃၈၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၉**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၈၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၅၆၉၅၃၃ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၂၈ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၆၃၅၂ ဦးသည် ပြည်တွင်း၌ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၅၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၈၉၂ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ၅၇၆၀ ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၄၇၂၂၈၃ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၆၇၃၅၈ ဦးရှိပြီး ၅၄၁ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၂၆၃ ဦးသည် အသက်ရှူအထောက်အကူပြု ကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၈ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၆ ဒသမ ၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၀၂၃၃ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း နိုဝင်ဘာ ၁၉**

ဗီယက်နမ်နိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၂၃၃ ဦးထပ်မံတွေ့ရှိခဲ့ရကြောင်း သိရသည်။

ဩဂုတ်လအတွင်းက နိုင်ငံအတွင်း နေ့စဉ်ကိုဗစ်-၁၉ရောဂါ ကူးစက်မှုအမြင့်ဆုံးအဖြစ် တစ်နေ့လျှင် ၁၅၀၀၀ ကျော်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။ ဗီယက်နမ်အစိုးရသည် လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် နိုင်ငံ၏ စီးပွားရေးပြန်လည်မြင့်တက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဗီယက်နမ်အစိုးရသည် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူကြရန်လည်း တိုက်တွန်းခဲ့သည်။ ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နိုင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ စံချိန်တင်မြင့်တက်ခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအား တင်းကျပ်စွာ ပြန်လည်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယမန်နေ့က ဗီယက်နမ်နိုင်ငံမြို့တော်ဟန္နိုင်းရှိ ခရိုင် ၂၅ ခု၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၇ ဦးထပ်မံတွေ့ရှိရပြီး ၎င်းတို့အနက် ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက်ကူးစက်ခံရသူ ၁၁၄ ဦးကို ဟန္နိုင်းရှိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသီးခြားစောင့်ကြည့်ရေးဇုန်များ၏ အပြင်ဘက်တွင် စစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

ဟန္နိုင်း၌ နိုဝင်ဘာလအစောပိုင်းအတွင်းမှ စတင်၍ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်၌ ဟန္နိုင်းရှိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြားသော နယ်မြေများ၌ ရွှေ့လျားဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဟန္နိုင်းမြို့တော် ရောဂါပိုးမွှားထိန်းချုပ်ရေးစင်တာက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကူးစက်မှု များပြားသောဒေသများမှ ပြန်လည်ရောက်ရှိလာသော ဟန္နိုင်းဒေသခံများသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာစည်းမျဉ်းများကို လိုက်နာဆောင်ရွက်မှုအားနည်းသောကြောင့် လာမည့်ရက်များအတွင်း ဟန္နိုင်းမြို့တော်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ထပ်မံမြင့်တက်လာနိုင်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

၎င်းရွှေ့လျားဆေးခန်းများအား နိုင်ငံတောင်ပိုင်းရှိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ဗဟိုချက်ဒေသများဖြစ်သော ဟိုချီမင်းမြို့တော်နှင့် ဘင်ဒေါင်းခရိုင်တို့၌ ဩဂုတ်လလယ်မှ စတင်ဖွင့်လှစ်ထားခဲ့ကြောင်း သိရသည်။ ဟန္နိုင်းမြို့တော်၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်နေပြီး အသက် ၁၂ နှစ်မှ ၁၇ နှစ် အရွယ်ရှိသူများအားလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

| |
|---|
| **ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ** |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၅၆၅၅၅၂၀၃ ဦး |
| သေဆုံးသူ ၅၁၅၁၂၁၃ ဦး |
| ပြန်လည်ကျန်းမာလာသူ ၂၃၁၇၄၃၁၄၈ ဦး |

# မြဝတီ၊ နောင်ချိုနှင့် တန့်ယန်း မြို့နယ်များ၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်ရှိ စားသောက်ဆိုင်တွင် ဖော်မင်းထိုက်(ခ) ကိုထိုက်နှင့် အောင်ကျော်ဦးတို့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၇၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၂ နာရီတွင် ပူးပေါင်းအဖွဲ့က မြဝတီမြို့နယ် မဲထော်သလေကျေးရွာအုပ်စု မဲထော်သလေကျေးရွာရှိ ဖော်မင်းထိုက်(ခ) ကိုထိုက်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄၃၃၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ကန်ကြီးကျေးရွာအုပ်စု ကန်ကြီးကျေးရွာအနီးရှိ နောင်ချို-ရပ်စောက်သွားကားလမ်းတွင် ကျော်ကိုကိုစိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၅)ရပ်ကွက်နေ လုံးဆန်ကော်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရဲပြန်ကြား



ဖော်မင်းထိုက်(ခ)ကိုထိုက်နှင့် အောင်ကျော်ဦး တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီတစ်ခုမှ Covid-19 Vaccine 0.5ML/Dose အခု ၁၀၀၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ နှာခေါင်းစည်း အခု ၂၈၀၊ Sanitizer & Disinfeciant ၂၇၄၄ ခု၊ Isolation Gown အခု ၃၆၀၀၀၊ Oxygen Cylinder ၁၄၆၈ ခု၊ ဆေးဝါးမျိုးစုံ ၄၉ မျိုး စုစုပေါင်း ၁၃၃၀၀၇ ဒသမ ၈၅ ကီလိုဂရမ်၊ နယ်စပ် (မြဝတီ)တွင် ကုမ္ပဏီ တစ်ခုမှ အောက်ဆီဂျင်အရည် ၁၅၃၅၅ ကုဗမီတာတို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းတာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ တမီးလ်နာဒူး မြောက်ပိုင်းကမ်းလွန်) တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း ကမ်းခြေနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေတို့ကို ပူဒူချယ်ရီမြို့အနီးမှ ဖြတ်ကျော် ဝင်ရောက်လျက်ရှိသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်စျေးများ

(၁၉-၁၁-၂၀၂၁)ညနေ ၆ နာရီအချိန်ထိစျေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 2 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 3 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 4 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 5 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 6 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 7 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 8 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 9 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 10 | Injection Omeprazole | 1g/Vial | 1050 | Aorta |

အခြားဆေးဝါးများ၏ စျေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https:// www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၁၁-၂၀၂၁ စနေနေ့

MRTV HD

Weekly Sport Info

MRTV Travelogue

MRTV National News

(LIVE)

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal

mitv

07:01 News
07:26 Global Partnership for Brighter Future: Dominica Pavilion at Expo 2020 Dubai
07:35 Great Shwedagon - The Ten Traditional Arts & Crafts
08:01 Weekly Review
08:16 Myanmar Masterclass: Artist Pann Kyi
08:29 Discovering Tribes: Taisun (Their Life and Customs) (Part-1)
08:46 The Iron Rider
09:01 Myanmar Designer Studio: Dr. Thazin Khin
09:18 Tea Leaves
09:26 Fantastic Orchid Garden From The Flower City
09:36 Journey To The Mogok (Part-1)
10:01 International Dances in Myanmar
10:20 Discovering Tribes: Tai Khun (or) Gon: their life and customs (Part 2)

MRTV NRC

MRTV Parliament

MRTV Sports

Sports News
Soccer View/ Weekly Sports Info

MRTV Farmers' Channel
Education Channel

# အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်နေသော NLD ပါတီဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော CRPH၊ NUG နှင့် PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG နှင့် NLD ပါတီဝင် ဖြိုးဇေယျာသော်တို့၏စေခိုင်းချက်အရသန်လျင်တံတား၊ မြောက်ဥက္ကလာပ တံတား၊ ထန်းတပင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာမီးပွိုင့်ရှိ လုံခြုံရေးအဖွဲ့ဝင်များကို ပစ်ခတ်ခဲ့သူများနှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်ကျူးလွန်ခဲ့သော တရားခံ ကျား ၄၀၊ မ ခုနစ်ဦး ပေါင်း ၄၇ ဦးကို လက်နက်ငယ်မျိုးစုံ ၃၄ လက်၊ ကျည်အိမ်မျိုးစုံ ၇၀၊ ကျည်မျိုးစုံ ၂၁၀၅ တောင့်၊ ၄၀ မမဖုံးသီး ၁၇ လုံး၊ လက်လုပ်ဗုံး ၁၀ လုံး၊ ရီမုတ်မိုင်း လေးလုံး၊ ရှေ့ထွက်မိုင်း လေးခု၊ မီးခိုးဗုံး ငါးလုံး၊ ရှော့ပစ် နှစ်လုံး၊ ယမ်းမှုန့်(မီးခိုးရောင်) ခုနစ်ထုပ်၊ မုန်ပြောင်း တစ်ခုနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်အား နိုဝင်ဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ၊ အပြစ်မဲ့ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်မှုများကို လက်မခံသော တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် နိုဝင်ဘာ ၁၈ ရက်တွင် NLD ပါတီဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာလမ်း ရတနာနှင်းဆီအိမ်ရာ တိုက်အမှတ် (3/B) အခန်း အမှတ်(B-0907)၌ Sigsauer အမျိုးအစား ပစ္စတို နှစ်လက်၊ ၉ မမ ကျည် ၄၈ တောင့်၊ M-16 သေနတ် တစ်လက်၊ ၅.၅၆ ကျည် ၇၄ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ NLD ပါတီဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ အကြမ်းဖက်ဆောင်ရွက်မှုများအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**



ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် စေခိုင်းနေသော တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။

❂ ကျောဖုံးမှ

ဝန်ထမ်းကောင်းများကိုလည်း ရက်စက်စွာသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ နိုင်ငံ့ဝန်ထမ်း ၃၈ ဦးခန့် သေဆုံးခဲ့ရပြီး ၇၉ ဦးခန့် ဒဏ်ရာရခဲ့မှုများကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ့အကျိုးတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းကောင်းများကို ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ရှေးရှု၍ ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**

**၁-၂-၂၀၂၂ ရက်မှ ၁၆-၁၁-၂၀၂၂ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် အစိုးရဝန်ထမ်း သေဆုံး/ဒဏ်ရာရရှိမှု စာရင်း**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | အစိုးရဝန်ထမ်း သေဆုံး | | | | | | | | | | | | | | | | | အစိုးရဝန်ထမ်း ဒဏ်ရာရ | | | | | | | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | လွှတ်တော်ရုံး | ထွေ/အုပ် | အကျဉ်းဦးစီး | နတလ | ပြန်ကြားရေး | မြေစာရင်း | သစ်တော | လျှပ်စစ် | အကောက်ခွန် | လဝက | ပို့/ဆက်(မီးရထား) | ပို့/ဆက်(စာတိုက်) | ပညာရေး | ကျန်းမာရေး | ဆောက်လုပ်ရေး | စည်ပင် | စုစုပေါင်း | လွှတ်တော်ရုံး | ထွေ/အုပ် | အကျဉ်းဦးစီး | နတလ | ပြန်ကြားရေး | မြေစာရင်း | သစ်တော | လျှပ်စစ် | အကောက်ခွန် | လဝက | ပို့/ဆက်(မီးရထား) | ပို့/ဆက်(ရေကြောင်း) | ပညာရေး | ကျန်းမာရေး | ဆောက်လုပ်ရေး | စည်ပင် | စုစုပေါင်း | |
| ၁ | နေပြည်တော် | ၂ | | | | | | | | ၁ | | | | | | | | | ၁ | | | | | | | | | | ၂ | | | | | | | ၂ | |
| ၂ | ကချင် | ၂ | | | | | | | | | | | | ၁ | | | | | ၁ | | ၅ | | | | | | | | | | ၄ | ၁ | | | | ၁၀ | |
| ၃ | ကယား | ၂ | | | | | | | | | | | | | | | | | | ၁ | ၂ | | | | | | | ၁ | | | | | | | | ၄ | |
| ၄ | ကရင် | ၁ | | | | | | | | | | | | | | | | | | | ၁ | | | | | | | | | | | | | | | ၁ | |
| ၅ | ချင်း | ၂ | | ၁ | | | | | ၁ | | | | | | | | | | ၂ | | | | | | | | | | | | | | | | | | |
| ၆ | စစ်ကိုင်း | ၁၄ | | ၁ | | | | ၁ | | | | | | | ၄ | | ၁ | | ၇ | | ၁ | | | ၁ | | ၅ | | | ၂ | | | ၃ | ၂ | | ၁ | ၁၅ | |
| ၇ | တနင်္သာရီ | | | | | ၂ | | | | | | | | | | | | | ၂ | | | | | | | | | | | | | | | | | | |
| ၈ | ပဲခူး | ၄ | | | | | | | | | | | | | ၁ | | | | ၁ | | ၂ | | | | | | ၂ | | | | | ၅ | ၁ | | ၁ | ၁၁ | |
| ၉ | မကွေး | ၆ | | ၂ | | | | | | ၃ | | | | | ၂ | ၃ | | | ၁၀ | | ၁ | | | | | | | | | | | ၁ | ၂ | | | ၄ | |
| ၁၀ | မန္တလေး | ၁၅ | | ၁ | | | | | ၁ | | | | ၁ | | ၄ | | | | ၇ | | ၁ | | | | ၂ | | ၉ | ၁ | | ၁ | | ၄ | ၁ | | ၂ | ၂၃ | |
| ၁၁ | မွန် | ၂ | | ၁ | ၁ | | | | | | | | | | | | | | ၂ | | ၁ | | | | | | | | | | | | ၁ | | | ၂ | |
| ၁၂ | ရခိုင် | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ရန်ကုန် | ၉ | | ၁ | | | | | | | | | ၁ | | ၁ | | | ၁ | ၄ | | ၁ | | | | | | ၁ | | | | | | ၂ | | ၂ | ၆ | |
| ၁၄ | ရှမ်း | ၁ | | | | | | | | | | | | | | | | ၁ | ၁ | | | | | | | | | ၁ | | | | | | | | ၁ | |
| ၁၅ | ဧရာဝတီ | ၂ | | | | | | | | | | | | | | | | | | | | | | | | | ၁ | | | | | ၁ | | | | ၂ | |
| | စုစုပေါင်း | ၆၂ | | ၇ | ၁ | ၂ | | ၁ | ၂ | ၄ | | | ၂ | ၁ | ၁၂ | ၃ | ၁ | ၂ | ၃၈ | ၁ | ၁၅ | | | ၁ | ၂ | ၅ | ၁၃ | ၃ | ၄ | ၁ | ၄ | ၁၅ | ၉ | | ၆ | ၇၉ | |

## Mytel ရုံးချုပ်မှ GM ဦးသိန်းအောင်အား လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်သည့် တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား




✻ Mytel ရုံးချုပ်မှ HYUNDAI ACCENT အမျိုးအစား အဖြူရောင်ယာဉ်အား တွေ့ရှိကြောင်း သိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ နိုဝင်ဘာ ၈ ရက်တွင် ပစ်ခတ်မှုဖြစ်စဉ်ပါ တရားခံဖြစ်သော **စစ်ဖော်ကံ(ခ) ဟန်သာထွန်း** (၁၉) နှစ်ကို မင်္ဂလာဒုံမြို့နယ် ပတ္တမြားရပ်ကွက် နီလာလမ်း အမှတ်(၁၈၇) နေအိမ်၌ ဆက်စပ်တရားခံ **ဖြိုးအိကျော်** (၂၄) နှစ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**

ဖမ်းဆီးရမိတရားခံ **စစ်ဖော်ကံ(ခ) ဟန်သာထွန်း**၏ ထွက်ဆိုချက်အရ လှိုင်မြို့နယ် (၇) ရပ်ကွက် ကျောင်းကုန်း (၁) လမ်းနေ ပစ်ခတ်မှုဖြစ်စဉ်ပါ တရားခံ **ဗညားစိုးထက်(ခ) လီယို** (၂၃) နှစ်ကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ် အုတ်ပုံစုရပ်ကွက် တောင်ပေါ်လမ်း(ခ) ဂျိုးဖြူကန်လမ်းနေ ဆက်စပ်တရားခံ **စိုင်းစည်သူ** (၃၅)နှစ်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **စစ်ဖော်ကံ(ခ) ဟန်သာထွန်း**သည် ဧပြီလအတွင်း KNLA တပ်မဟာ (၆) နယ်မြေတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ၎င်းအနေဖြင့် ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ဖွဲ့စည်းထားရှိသည့် **ဥက္ကာ (ဖမ်းဆီးရန်ကျန်)** ခေါင်းဆောင်သော ရန်ကုန်တော်လှန်ရေး အင်အားစု (Yangon Revolution Force–YRF) တွင် ဒုတိယခေါင်းဆောင်အဖြစ် ပါဝင်၍ တရားခံ **ဗညားစိုးထက်(ခ) လီယို**မှာ တတိယခေါင်းဆောင် အဖြစ်ပါဝင်ကြောင်း၊ တရားခံ **ဖြိုးအိကျော်** သည် YRF အဖွဲ့တွင် ဘဏ္ဍာရေးမှူးအဖြစ်ပါဝင်ပြီး ထောက်ပံ့ရရှိငွေများနှင့် လိုအပ်သည့် လက်နက်/ခဲယမ်းများ ဝယ်ယူမှု ချိတ်ဆက်ဆောင်ရွက်ပေးသူဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများမှ ငွေနှင့် ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် ၎င်းတို့အဖွဲ့အနေဖြင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန်လိုအပ်သော လက်နက်/ ခဲယမ်းများအား **Jame**(YUG အဖွဲ့) ထံမှ စက်တင်ဘာ ၂၆ ရက်တွင် တရားခံ **စစ်ဖော်ကံ(ခ) ဟန်သာထွန်း**သည် ငကျား (**Free Tiger Ranger–FTR**) ထံမှ တစ်ဆင့် ပစ္စတို သုံးလက်၊ ကျည်အိမ် ငါးခု၊ ကျည် ၁၂၁ တောင့်အားရရှိခဲ့ပြီး တရားခံ **ဗညားစိုးထက် (ခ) လီယို**ထံတွင် သိမ်းဆည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ YRF အဖွဲ့သည် ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ပြီးပါက တရားခံ**စိုင်းစည်သူ** ပိုင်ဆိုင်သော တိုက်ကြီးမြို့နယ် ငါးစုကျေးရွာအနီးရှိ ခြံတွင် ထွက်ပြေးတိမ်းရှောင်နိုင်ရန် ကြိုတင်စီစဉ်ထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖော်ထုတ်သိရှိ**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဦးသိန်းအောင်အား လုပ်ကြံသတ်ဖြတ်သည့်နေ့တွင် ၎င်းသေနတ်များအား အသုံးပြုရန် တရားခံ **ဗညားစိုးထက် (ခ) လီယို**မှတစ်ပါတည်း ယူဆောင်ခဲ့ကာ HYUNDAI ACCENT (အဖြူရောင်) ယာဉ်အား မောင်းနှင်ပြီး **စစ်ဖော်ကံ(ခ) ဟန်သာထွန်း**နှင့်အတူ သွားရောက်ခဲ့ကြောင်း၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဖိုးသား**နှင့် **သားငယ်**တို့သည် စက်ဘီးနှစ်စီးဖြင့် လိုက်ပါလာခဲ့ကြောင်း၊ ကုန်းမြင့်သာလမ်း အရောက်တွင် **စစ်ဖော်ကံ (ခ) ဟန်သာထွန်း**သည် ယာဉ်ပေါ်မှဆင်းပြီး **သားငယ်**ထံမှ စက်ဘီးအားယူ၍ စီးနင်းထွက်ခွာသွားခဲ့ပြီး သားငယ်မှ ခြေကျင်သွားရောက်၍ တေးနုယဉ်လမ်းအရောက်၌ ဦးသိန်းအောင်နှင့် ဇနီးဖြစ်သူတို့အား ပစ္စတိုဖြင့် ခုနစ်ချက် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ ဖမ်းဆီးရမိတရားခံ **စစ်ဖော်ကံ(ခ) ဟန်သာထွန်း**နှင့် **ဗညားစိုးထက် (ခ) လီယို**တို့၏ ထွက်ဆိုချက်အရ ဩဂုတ် ၅ ရက်တွင် လှိုင်မြို့နယ် (၁၆) ရပ်ကွက် အုတ်ကျင်းဘူတာရုံလမ်းရှိ ကုန်စုံဆိုင်ပိုင်ရှင် ဦးဆန်းလင်းနှင့် ဇနီးဖြစ်သူတို့အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ရာတွင် ကျန်းမာရေးအထောက်အကူပြုအဖွဲ့ ပုံစံ PPE ဝတ်စုံများဝတ်ဆင်ကာ **အောင်လေး**နှင့်အတူ ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြောင်း၊ ထိုသို့ လုပ်ကြံသတ်ဖြတ်မှုအတွက် **Jame**(YUG အဖွဲ့) ထံမှ ငွေကျပ် ခုနစ်သိန်း ရရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖောက်ခွဲစေခဲ့**

ဖမ်းဆီးရမိတရားခံ **စစ်ဖော်ကံ(ခ) ဟန်သာထွန်း**သည် အောက်တိုဘာ ၂၁ ရက်တွင် **ပြည်သူ့စွမ်းအားရွေ့လျားအဖွဲ့ (People Power Movement–PPM)** အဖွဲ့ထံမှ လက်လုပ်ချိန်ကိုက်ဗုံး နှစ်လုံးတွဲ သုံးလုံးရရှိခဲ့ပြီး အဆိုပါ လက်လုပ်ချိန်ကိုက်ဗုံးများအား အောက်တိုဘာ ၂၂ ရက်တွင် (**Rangoon Urban Revoultionary–RUR**) အဖွဲ့ဝင်တစ်ဦးထံ ပေးအပ်ပြီး မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ EPC ရုံးအနီးတွင် ဖောက်ခွဲစေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများအနေဖြင့် ဦးသိန်းအောင်ကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှာ **စစ်ဖော်ကံ (ခ) ဟန်သာထွန်း**ပါဝင်သော YRF အဖွဲ့အား အကြမ်းဖက်အဖွဲ့ အစည်းဖြစ်သော NUG သည် **Jame** (YUG အဖွဲ့)မှ တစ်ဆင့် နောက်ကွယ်မှ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်၍ နိုင်ငံအတွင်း အစိုးရနှင့် ချိတ်ဆက်၍ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိသော ပြည်ပစီးပွားရေးလုပ်ငန်းများကို ဆက်လက် လုပ်ကိုင်ခြင်းမရှိစေရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးအဆောက်အအုံများ၊ လုပ်ငန်းတာဝန်ခံများအား လုပ်ကြံသတ်ဖြတ်ခြင်းဖြစ်ကြောင်းနှင့် အစိုးရ၏ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအား ထိခိုက်ပျက်ပြားစေရန် ငွေကြေးထောက်ပံ့ကာ အကြမ်းဖက်လုပ်ငန်းများ ကျူးလွန်စေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ ပါဝင်ဖွဲ့စည်းထားသော YRF အဖွဲ့အား **Jame** (YUG အဖွဲ့) မှ အမိန့်ပေးခိုင်းနေခြင်းဖြစ်ပြီး လက်အောက်တွင် အကြမ်းဖက်အဖွဲ့ ၁၂ ဖွဲ့ရှိကြောင်း၊ **Jame** (YUG အဖွဲ့) သည် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG/ CRPH တို့နှင့်ချိတ်ဆက်၍ ငွေကြေး/ လက်နက်အထောက်အပံ့များ ရယူကာ အကြမ်းဖက်မှုများကို စေခိုင်းလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

**သတင်းပေးတိုင်ကြားနိုင်**

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ဆုငွေများ ထိုက်တန်စွာ လျှို့ဝှက်ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်းသိရသည်။

**သတင်းစဉ်**

■

ပစ်ခတ်မှုကျူးလွန်ခဲ့သည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ



ပစ်ခတ်ရန်စောင့်ဆိုင်းစဉ်



သက်သေခံဖိနပ်

○ သားငယ်
● စစ်ဖော်ကံ(ခ) ဟန်သာထွန်း



မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံးရှေ့၌ လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံ။

# မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးဘေးရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးမှ လုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်မှုဖြစ်စဉ်မှ တရားခံ ခုနစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မင်္ဂလာဒုံမြို့နယ် အမှတ် (၃)လမ်းမကြီးဘေးရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ဝင်/ထွက်ပေါက်၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် အဖွဲ့ဝင်များအား အမည် (စိစစ်ဆဲ) ကျား သုံးဦး မောင်းနှင်လာသည့် Probox ယာဉ်ပေါ်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဝန်ထမ်းတစ်ဦး၊ အပြစ်မဲ့ပြည်သူတစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ဒဏ်ရာများ အသီးသီးရရှိခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အထက်ပါ အကြမ်းဖက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်ခဲ့သော တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့ရာ အေးချမ်းစွာနေထိုင်လိုသော တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေး ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်တွင် အကြမ်းဖက်မှုဖြစ်စဉ်၌ အသုံးပြုခဲ့သည့် Probox ယာဉ်အား ငှားရမ်းပေးခဲ့သည့် **ဟန်လင်းသိန်း (ခ) ရဲလင်းသိန်း** (၄၀)နှစ်အား မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ကျေးရွာ မိုးမခလမ်း ဆောင်းသဇင်အဆောင်၌ လည်းကောင်း၊ ၎င်းယာဉ်အား ငှားရမ်းထားသည့် **တင်ဇော်မြင့်**(၂၉)နှစ်အား ကမာရွတ်မြို့နယ် (၃)ရပ်ကွက် ပုလဲဂေဟာလမ်း၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး တရားခံ တင်ဇော်မြင့်၏ ထွက်ဆိုချက်အရ **သန်းနိုင်(ခ)ဘဲဥ** (၂၉)နှစ်၊ **ပြည့်စုံအောင်(ခ) အသေးလေး** (၂၁)နှစ်နှင့် **လွင်မိုး** (၂၃)နှစ်တို့ သုံးဦးအား ကမာရွတ်မြို့နယ် (၃)ရပ်ကွက် ဗဟိုလမ်းတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

**သိမ်းဆည်းရမိ**

တရားခံ **သန်းနိုင်(ခ)ဘဲဥ**၏ ထွက်ဆိုချက်အရ ၎င်းတို့အဖွဲ့ ငှားရမ်းနေထိုင်သည့် ကမာရွတ်မြို့နယ် (၃) ရပ်ကွက် ပတ္တမြားလမ်း (၆)လွှာ အမှတ် (၁၇၂) (ဘီ)အခန်းအား ဝင်ရောက်ရှာဖွေခဲ့ရာ ပစ်ခတ်မှုဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် M16 နှစ်လက်၊ ကျည်အိမ် ခုနစ်ခု၊ ၅.၅၆ ကျည်အတောင့် ၃၂၀၊ ကျည်ခွံ ၃၄ တောင့်၊ ၉ မမ ကျည် ၅၅ တောင့်၊ လမ်းလျှောက်စကားပြောစက် သုံးလုံး၊ အားသွင်းခုံ နှစ်ခု၊ ဓာတ်ခဲ ၁၅ လုံး၊ လက်အိတ်တစ်စုံတို့အား လည်းကောင်း၊ ကမာရွတ်မြို့နယ် (၃) ရပ်ကွက် ပတ္တမြားလမ်း တိုက်အမှတ် (၁၅၀) အခန်း(1/A)၌ ၉ မမ ကျည် အတောင့် ၂၀၊ ၅.၅၆ ကျည် အတောင့် ၂၀၊ ဒီတိုနေတာ ငါးချောင်း၊ ဒီတိုနေတာ ကြိုးခွေ လေးခွေ၊ icom ဘက်ထရီပတ် ၁၂ ခု၊ သံဘောစေ့ ၁၂ ဘူးပါ ကတ် ၂၀၊ icom အထိုင်စက် လေးလုံး၊ လမ်းလျှောက်စကားပြောစက် လေးလုံးနှင့် ဖောက်ခွဲရေးပစ္စည်းများထည့်ထားသော ဂက်စ်အိုးတစ်လုံးတို့အား



**Myanmar Underground Revolution Movement (MURM) မှ မမေ(ခ) မိုးသူခိုင်(ခ)မေသက်ခိုင် ငှားရမ်းနေထိုင်သည့် မြောက်ဒဂုံမြို့နယ် သမာဓိလမ်း အမှတ်(၃၉/၂၉၉) နေအိမ်မှ သိမ်းဆည်းရမိသည့် ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။**

သိမ်းဆည်းရမိခဲ့ပြီး ဂက်စ်အိုးအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ၅.၅၆ ကျည်အတောင့် ၄၈၀၊ ဒီတိုနေတာ အချောင်း ၂၀၊ ယမ်းပြင်း သုံးကီလိုဂရမ်တို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

တရားခံ **သန်းနိုင်(ခ)ဘဲဥ**၏ ထွက်ဆိုချက်အရ လက်နက်/ခဲယမ်းများ သယ်ဆောင်ခဲ့ပြီး ပစ်ခတ်မှုဖြစ်စဉ်တွင်ပါဝင်သူ **ဝေယံထက်နိုင်** (၂၈)နှစ်အား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မန္တလေးလမ်းမီးပွိုင့်၌ ဖမ်းဆီးရမိခဲ့ပြီး တရားခံ **ဝေယံထက်နိုင်**၏ ထွက်ဆိုချက်အရ လသာမြို့နယ် (၁)ရပ်ကွက် ၂၃ လမ်းထိပ် အမှတ်(၆၀၄)အား ဝင်ရောက်ရှာဖွေခဲ့ရာ **မျိုးနိုင်**(၅၈)နှစ်အား PDF အဖွဲ့များအား ထောက်ပံ့သည့် နိုင်ငံခြားဆေးပစ္စည်းမျိုးစုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

နိုဝင်ဘာ ၁၄ ရက်တွင် တရားခံ **မျိုးနိုင်**၏ ထွက်ဆိုချက်အရ (Myanmar Underground Revolution Movement–MURM) အဖွဲ့မှ ဖမ်းဆီးရန်ကျန်တရားခံ **မမေ(ခ) မိုးသူခိုင်(ခ)မေသက်ခိုင်** ငှားရမ်းနေထိုင်သည့် မြောက်ဒဂုံမြို့နယ် သမာဓိလမ်း အမှတ်(၃၉/၂၉၉)အား ဝင်ရောက်ရှာဖွေခဲ့ရာ အကြမ်းဖက်လုပ်ငန်းများနှင့် ဖောက်ခွဲရေးလုပ်ငန်းများတွင် အသုံးပြုသည့် ပွိုင့် ၃၈၀ ကျည် အတောင့် ၅၀၊ ကျည်အိမ် နှစ်ခု၊ လက်လုပ်ဗုံး သုံးလုံး၊ ဒီတိုနေတာ သုံးခု၊ လက်လုပ်ယမ်း ၂၅ ထုပ်၊ ယမ်းကြိုးများ၊ လက်လုပ်ယမ်းမှုန့်(၃၀ ကျပ်သားခန့်) တစ်ထုပ်၊ အက်စစ်ငါးဂါလန် လေးပုံး၊ ဓာတုဗေဒသုံး ဖန်ပြွန်ချိန်ခွက် ၁၇ ခု၊ ဖန်ပြွန် လေးခု၊ ကြေးပိုက် ၁၅ ချောင်း၊ ပိုတက်ဆီယမ်နိုက်ထရိတ် (၂၅ ကီလို) တစ်အိတ်၊ ဂက်စ်အိုး ကိုးလုံး၊ ဝရိန်စက် တစ်လုံး၊ MPT ဆင်းကတ် အခု ၃၀၊ Keypad ဖုန်း ၁၁ လုံး၊ မှတ်ပုံတင်အတု ၁၁ ခု၊ ဓာတ်ခဲပါ ရီမုမိုင်းခလုတ် ၂၀ တို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ **ကျား ခုနစ်ဦး**၊ M16 နှစ်လက်၊ ကျည်အိမ် ကိုးခု၊ ၅.၅၆ ကျည် အတောင့် ၈၂၀၊ ပွိုင့် ၃၈၀ ကျည် အတောင့် ၅၀၊ ကျည်ခွံ ၃၄ တောင့်၊ ၉ မမကျည် ၇၅ တောင့်၊ လက်လုပ်ဗုံး သုံးလုံး၊ ဒီတိုနေတာ ၂၈ ချောင်း၊ ဒီတိုနေတာကြိုးခွေ လေးခွေ၊ ယမ်းပြင်း သုံးကီလိုဂရမ်ခန့်၊ သံဘောစေ့ ၁၂ ဘူးပါကတ် ၂၀၊ လမ်းလျှောက်စကားပြောစက် ခုနစ်လုံး၊ icom အထိုင်စက် လေးလုံး၊ ဆေးမျိုးစုံနှင့် ဖောက်ခွဲရေးနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့သည်။

**ဖော်ထုတ်သိရှိရ**

တရားခံ **သန်းနိုင်(ခ)ဘဲဥ** (Fight For Freedom– FFF) အဖွဲ့၏ ထွက်ဆိုချက်အရ ဂျပန်နိုင်ငံတွင် မြန်မာထမင်းဆိုင် ဖွင့်လှစ်ရောင်းချနေသော ဖမ်းဆီးရန်ကျန် တရားခံ **သန်းထိုက်စိုး(ခ)စိုးကြီး**သည် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG၊ CRPH တို့နှင့် ဆက်သွယ်၍ မြန်မာနိုင်ငံအတွင်းရှိ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးလျက်ရှိကြောင်း၊ **သန်းထိုက်စိုး(ခ)စိုးကြီး**အနေဖြင့် NUG မှ **လွင်ကိုလတ်** ပြုလုပ်သော Zoom Meeting များတွင် တက်ရောက်၍ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့မှုအခြေအနေများအား ပြောကြားရကြောင်းနှင့် ၎င်းသည် FFF အဖွဲ့အပြင် အခြားအကြမ်းဖက်အဖွဲ့များအားလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ဝေယံထက်နိုင်**သည် **မမေ(ခ) မိုးသူခိုင်(ခ)မေသက်ခိုင်** ဖွဲ့စည်းထားရှိသော MURM မှ ဖြစ်ပြီး တရားခံ **လွင်မိုး**မှာ ပဲခူး PDF အဖွဲ့မှဖြစ်ကာ ၎င်းသည် **မိုးသီဟ**နှင့်အတူ KNLA တပ်မဟာ (၁) နယ်မြေအတွင်း အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းအား တက်ရောက်ခဲ့ကြောင်းနှင့် တရားခံ **မျိုးနိုင်**သည် **မမေ(ခ)မိုးသူခိုင် (ခ)မေသက်ခိုင်** အား အောက်တိုဘာလအတွင်း မြောက်ဒဂုံမြို့နယ်၌ Safe House အဖြစ် လုံးချင်းတိုက်ခန်းအား ငှားရမ်းအသုံးပြုရန် ငွေကြေးများထောက်ပံ့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

စက်တင်ဘာလကုန်ခန့်တွင် **သန်းထိုက်စိုး(ခ)စိုးကြီး**သည် မြဝတီမြို့နေ ဖမ်းဆီးရန်ကျန် တရားခံ **ဂျပန်**နှင့် ချိတ်ဆက်၍ တရားခံ **သန်းနိုင်(ခ)ဘဲဥ** ဦးဆောင်သည့် FFF အဖွဲ့အတွက် လက်နက်/ခဲယမ်းများအား ပို့ဆောင်ခဲ့ကြောင်းနှင့် လက်နက်/ ခဲယမ်းများအား သယ်ယူရာတွင် အောက်ဆီဂျင်အိုးများအတွင်း သို့ဝှက်ကာသယ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိ ကိုဗစ်–၁၉ ရောဂါအခြေအနေအရ ပြည်သူလူထုအနေဖြင့် အောက်ဆီဂျင်အိုးများ ပြတ်လပ်မှုမရှိစေရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းအဖြစ် လုံခြုံရေးဖြေလျှော့ပေးမှုအား အခွင့်ကောင်းယူကာ အကြမ်းဖက်ပစ္စည်းများအား သယ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

FFF အဖွဲ့နှင့် MURM အဖွဲ့တို့ ပူးပေါင်း၍ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် အောက်တိုဘာ ၅ ရက်တွင် တရားခံ **သန်းနိုင်(ခ)ဘဲဥ**၊ **ပြည့်စုံအောင်(ခ) အသေးလေး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ကိုရဲ**တို့မှ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့ရှိ လုံခြုံရေးအဖွဲ့များအားပစ်ခတ်ရန် အခြေအနေကြည့်ရှုခဲ့ပြီး MURM အဖွဲ့မှ **ကိုရဲ** အပါ ငါးဦးနှင့် FFF အဖွဲ့မှ **သန်းနိုင်(ခ)ဘဲဥ၊ တင်ဇော်မြင့်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ရှမ်းလေး၊ ဝေယံထက်(ခ) သူရ** တို့ လေးဦး ပေါင်း ကိုးဦးတို့ဖြင့် လုံခြုံရေးအဖွဲ့များအား ပစ်ခတ်ရန်စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုဝင်ဘာ ၇ ရက်တွင် MURM အဖွဲ့မှ နှစ်ဦးသည် အခြေအနေစောင့်ကြည့်ခြင်းများ ပြုလုပ်ပြီး တရားခံ **သန်းနိုင်(ခ)ဘဲဥ၊ တင်ဇော်မြင့်**တို့ နှစ်ဦးသည် Probox (အဖြူရောင်) ဖြင့် လည်းကောင်း၊ **ဝေယံထက် (ခ)သူရ၊ ရှမ်းလေး**နှင့် **ကိုရဲ**နှင့် စိစစ်ဆဲ အမျိုးသားနှစ်ဦးတို့သည် Probox(ခဲရောင်)ဖြင့် လည်းကောင်း သွားရောက်၍ Probox (ခဲရောင်)ပေါ်မှ M16 သေနတ် နှစ်လက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး **သန်းနိုင် (ခ)ဘဲဥ**မှ လက်နက်/ခဲယမ်းများအား ပြန်လည်သိမ်းယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အောက်တိုဘာ ၂၈ ရက်တွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးဖိုချိုအား MURM အဖွဲ့မှ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် နိုဝင်ဘာ ၈ ရက်တွင် တရားခံ **သန်းနိုင်(ခ)ဘဲဥ**သည် **ဝေယံထက်(ခ) သူရ** ထံတွင်ရှိသည့် ပစ္စတိုအား ဖမ်းဆီးရန်ကျန်တရားခံ **ဖိုးကာ**(ကမာရွတ် PDF ) ထံသို့ ငှားရမ်းပေးခဲ့ပြီး သေနတ်ငှားရမ်းခအဖြစ် ဖိုးကာမှ FFF အဖွဲ့အား ငွေငါးသိန်းကျပ် ပေးအပ်ခဲ့ကြောင်း၊ နိုဝင်ဘာ ၉ ရက်တွင် အဆိုပါ ပစ္စတိုဖြင့် ကမာရွတ်မြို့နယ် (၅) ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ဒေါ်မြင့်မြင့်အေး (ခ)ဒေါ်ပြားကြီးအား ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် နိုဝင်ဘာ ၁၀ ရက်တွင် ပစ္စတိုအား **ဝေယံထက် (ခ)သူရ** ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ဆုငွေများ ထိုက်တန်စွာ လျှို့ဝှက်ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

**မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှိ လုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်မှုဖြစ်စဉ်မှ တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား**



# အစာစားလျှင် ဉာဏ်နှင့်ယှဉ်၊ သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ

ဒေါက်တာသန်းနိုင်စိုး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း ယခုထက် ပိုမိုမြင့်မားလာစေရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်း၍ ကျန်းမာသန်စွမ်းစွာဖြင့် သက်တမ်းစေ့နေနိုင်ရေးအတွက် နိုင်ငံသားတိုင်း အာဟာရပြည့်ဝမျှတညီညွတ်စွာ စားသောက်နေထိုင်သည့်အလေ့အထများ ပေါ်ပေါက်လာစေရေးသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ညီညွတ်မျှတသည့် အာဟာရပြည့်ဝစွာ မရရှိခြင်းကြောင့် ဖြစ်ပွားသည့် ရောဂါအမျိုးမျိုးသည် လူတစ်ဦးတစ်ယောက်အနေဖြင့် မိခင်၏ဝမ်းတွင်းတွင်ရှိချိန်၊ မွေးကင်းစကလေးအရွယ်မှစ၍ အရွယ်ရောက်သည့်အချိန်၊ အသက်အရွယ်ကြီးရင့်လာချိန်အထိ အမျိုးမျိုး တွေ့ကြုံခံစားရစေနိုင်ပါသည်။ အသက်ငယ်ရွယ်စဉ်ကာလတွင် အာဟာရဓာတ်ချို့တဲ့မှုများကြောင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပြီး အသက်အရွယ်ကြီးရင့်ချိန်တွင် မလိုအပ်သော အာဟာရဓာတ်များ လွန်ကဲစွာစားသုံးခြင်းမှတစ်ဆင့် နောက်ဆက်တွဲ အဝလွန်ရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါစသည့် မကူးစက်တတ်သည့်ရောဂါများဖြစ်ပွား၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးနိုင်သည့် အန္တရာယ်ကို ဖြစ်စေနိုင်ပါသည်။

### မကူးစက်နိုင်သောရောဂါများ

မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၂၀၂၀ ပြည့်နှစ်တွင် ၆၇ ဒသမ ၄၂ နှစ်ခန့်ရှိပြီး မျှော်မှန်းသက်တမ်းအရ မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့် ၁၅၁ တွင်ရှိကြောင်း သိရှိရသော်လည်း အာဆီယံနိုင်ငံများတွင် နံပါတ် ၁၀ သို့ ရောက်ရှိနေကြောင်း သိရှိရပါသည်။ ဝင်ငွေနည်းပါးသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် (၃၀) နှင့် (၆၉) နှစ်ကြား သေဆုံးမှုအားလုံး၏ ၈၅ ရာခိုင်နှုန်းသည် မကူးစက်နိုင်သောရောဂါများဖြစ်သည့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုး စသည်တို့ကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ တွေ့ရှိရပါသည်။ ထို့အတူ မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် ဆေးရုံတက်လူနာ သေဆုံးမှုအားလုံး၏ ၄၂ ရာခိုင်နှုန်းသည် မကူးစက်နိုင်သောရောဂါများကြောင့် သေဆုံးနေရခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မကူးစက်နိုင်သောရောဂါများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးစေသည့် အကြောင်းရင်းတစ်ခုဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်မြန် ပြင်းထန်ရောဂါများ ဝင်ရောက်ဖြစ်ပွားပါကလည်း မကူးစက်တတ်သောနာတာရှည် ရောဂါအခံရှိသူများသည် ပိုမိုပြင်းထန်စွာခံစားရ၍ အသက်သေဆုံးနိုင်မှုအန္တရာယ် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။

မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း တိုးတက်စေရေးအတွက် အထက်ဖော်ပြပါမကူးစက်နိုင်သောရောဂါများဖြစ်ပွားရသည့် ရေသောက်မြစ်သဖွယ် အဓိကအကြောင်းရင်း (Root Cause) များဖြစ်သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သောအစားအစာများ စားသုံးခြင်းနှင့် အာဟာရဓာတ်များ ညီညွတ်မျှတစွာ စားသုံးမှုမရှိခြင်းတို့ကို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် မွေးစကလေးအရွယ်များကို အသက်ခြောက်လပြည့်သည်အထိ မိခင်နို့တစ်မျိုးတည်းကိုသာတိုက်ကျွေး၍ အသက်ခြောက်လကျော်မှသာ ဖြည့်စွက်စာကျွေးမွေးရန်အတွက် ပညာပေးတိုက်တွန်းနှိုးဆော်ခြင်းများ ဆောင်ရွက်နေသော်လည်း အသက်ခြောက်လထက်စော၍ ဖြည့်စွက်စာအဖြစ် ကစီဓာတ် (ကာဗိုဟိုက်ဒရိတ်) များစွာပါဝင်သည့် ထမင်းခွံ့ကျွေးခြင်း၊ အသက်ခြောက်လကျော်၍ ဖြည့်စွက်စာ စတင်ကျွေးချိန်တွင်လည်း ထမင်းကိုသာ အဓိကထား၍ ကျွေးမွေးခြင်းအလေ့အထများစွာ ကျန်ရှိနေသေးသည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံတွင် စပါးမှတစ်ဆင့် ဆန်၊ ဆန်မှတစ်ဆင့် ထမင်း စသဖြင့် ကစီဓာတ်များစွာပါဝင်သည့် အစားအသောက်များကို အဓိက စားသောက်ဖွယ်ရာအဖြစ်နေ့စဉ်စားသုံးခြင်းအလေ့အထမှာ အသက်ခြောက်လအရွယ် ဖြည့်စွက်စာမှစတင်၍ ဘဝတစ်လျှောက်လုံးတိုင်သည်အထိ ဖြစ်ပါသည်။

### ဩဇာဓာတ်

အာဟာရဓာတ်သည် အသွေး၊ အသား၊ အင်အားတို့ကို ဖြစ်စေတတ်သော ဩဇာဓာတ်ဖြစ်ပါသည်။ သက်ရှိသတ္တဝါတို့ ခန္ဓာကိုယ်အသက်ရှင်ကျန်းမာရေးအတွက် လိုအပ်သော ဇီဝဓာတုပစ္စည်းများဖြစ်ပြီး အစားအစာများစားသုံးခြင်းဖြင့် ရရှိနိုင်ပါသည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးခြင်း၊ လှုပ်ရှားသွားလာခြင်း၊ မျိုးဆက်ပွားခြင်း၊ အင်အားဖြစ်စေခြင်းနှင့် ရောဂါကာကွယ်ခြင်းတို့အတွက် အာဟာရဓာတ်အမျိုးမျိုးလိုအပ်ခြင်းဖြစ်ပြီး အာဟာရလိုအပ်ချက်များသည် အသက်အရွယ်၊ ကျား/မ၊ ကိုယ်လက်လှုပ်ရှားမှု၊ ကျန်းမာရေးအခြေအနေတို့အရ ကွာခြားပါသည်။

အာဟာရပြည့်ဝစွာရရှိ၍ ခန္ဓာကိုယ်မှ လိုအပ်သည့်ဓာတ်များကို ညီညွတ်မျှတစွာ ရရှိစေရေးအတွက် နေ့စဉ်စားသုံးသည့်အစားအစာတွင် အစာအမျိုးအစားစုံလင်ရန်လိုအပ်ပြီး ပမာဏအားဖြင့် သင့်တင့်မျှတစွာပါဝင်ရန် လိုအပ်ပါသည်။ အစားအစာကို အခြေခံအားဖြင့် အုပ်စုသုံးစု ခွဲခြားသတ်မှတ်ထားရာ(၁) အင်အားဖြစ်စေသော အစားအစာများ၊ (၂) ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အစားအစာများ၊ (၃)ရောဂါကာကွယ်စေသော အစားအစာများဖြစ်ပါသည်။ နေ့စဉ် အာဟာရလုံလောက်မျှတစေရေးအတွက် စားသောက်ရာတွင် အဆိုပါ အစာအုပ်စုသုံးစုလုံး စုံလင်စွာပါဝင်ရန် လိုအပ်ပါသည်။ ထိုသို့ အစာအုပ်စုသုံးစု စုံလင်စွာစားသုံးရာတွင် အစာအုပ်စုအလိုက် ပါဝင်သည့် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်ခြောက်မျိုး (ကစီဓာတ်၊ အဆီဓာတ်၊ အသားဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်ဓာတ်နှင့် ရေဓာတ်) ကိုလည်း ညီညွတ်မျှတစွာ ပါဝင်စေရေး စားသုံးရမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါဇယားတွင် အစာအုပ်စုနှင့် အာဟာရဓာတ်ကြွယ်ဝသော အစားအစာအချို့ကို ဖော်ပြအပ်ပါသည်–

**အစာအုပ်စုအလိုက် အာဟာရဓာတ်ကြွယ်ဝသော အစားအစာများ**

| အစာအုပ်စု | အာဟာရဓာတ် | ကြွယ်ဝသောအစာများ |
|---|---|---|
| အင်အားဖြစ်စေသောအစာ | ကစီဓာတ် | ကောက်နှံများ(ဥပမာ – ဆန်၊ ဂျုံ၊ ပြောင်း<br>သစ်ဥသစ်ဖု(ဥပမာ – အာလူး၊ ပိန်းဥ)<br>အချိုစာများ(ဥပမာ – ပျားရည်၊ သကြား) |
| | အဆီဓာတ် | သီးနှံဆီအမျိုးမျိုး(ဥပမာ – နေကြာဆီ ၊ပဲပိစပ်ဆီ)<br>တိရစ္ဆာန်အဆီ(ဥပမာ – ဝက်ဆီ၊ အမဲဆီ) |
| ခန္ဓာကိုယ်ကြီးထွားစေသောအစာ | အသားဓာတ် | သား၊ ငါး၊ နို့၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုး |
| ရောဂါကာကွယ်စေသောအစာ | ဗီတာမင်ဓာတ် | ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ |
| | သတ္တုဓာတ် | |
| | ရေဓာတ် | အရည်အမျိုးမျိုး၊ အရည်ရွှမ်းသည့်အစာများ |

မြန်မာတို့၏ နေ့စဉ် စားသောက်မှုပုံစံအရ အဓိကအစာအာဟာရအနေဖြင့် စားသုံးမှုပြုခြင်း (Large Meals) ကို နံနက်စာ၊ နေ့လယ်စာ၊ ညစာ စသည်ဖြင့် နေ့စဉ် တစ်ရက်လျှင် အနည်းဆုံး သုံးကြိမ်ခန့်စားသုံးရာတွင်လည်း ဆန်မှရရှိသည့် ထမင်းသည် အဓိကစားသုံးစရာအဖြစ် ပါဝင်ခြင်းဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် အစာစားသုံးရာတွင် ဝမ်းဗိုက်ပြည့်၍ အဆာပြေစေသည်အထိ စားသုံးရသည့်ပမာဏမှာ လူတစ်ဦးနှင့်တစ်ဦး တူညီမှုမရှိနိုင်ပါ။ သို့ရာတွင် အင်အားဖြစ်စေသော အစားအစာများတွင်ပါဝင်သည့် ထမင်းတစ်မျိုးတည်းကိုသာ အဓိကထား၍စားပြီး ကျန်အစာအုပ်စုများကို မျှတစုံလင်စွာ မစားသောက်ပါက ရေရှည်တွင် ကျန်းမာရေးနှင့်ပတ်သက်သည့် ဆိုးကျိုးများစွာ ခံစားရနိုင်ပါသည်။

### အဆီဓာတ်အဖြစ် ပြောင်းလဲ

ဆန်မှရရှိသည့်ထမင်းသည် ကစီဓာတ် (ကာဗိုဟိုက်ဒရိတ်) များစွာပါဝင်သည်ဖြစ်၍ ၎င်းကစီဓာတ်ကို ခန္ဓာကိုယ်မှ အစာချေဖျက်သည့်အခါတွင် သကြားဓာတ် (Glucose) အချိုဓာတ်များအဖြစ် ပြောင်းလဲသွားစေပြီး ယင်းသကြားဓာတ်များသည် အသည်းအတွင်းသို့ဝင်ရောက်ကာ အဆီဓာတ်အဖြစ် ဆက်လက်ပြောင်းလဲစေပါသည်။ ခန္ဓာကိုယ်မှ လိုအပ်သည့်ပမာဏထက် ပိုမို၍ ကစီဓာတ်များ စားသုံးပါက အဆိုပါအဆီဓာတ်များ ခန္ဓာကိုယ်အတွင်းစုပြုံ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးတွင်းတွင် မကောင်းသောအဆီဓာတ်များ များပြားလာခြင်းကြောင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးသွေးကြောပိတ်ရောဂါများဖြစ်ခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း စသည့် ရောဂါများ ခံစားရနိုင်ပါသည်။ ထို့ပြင် သွေးတွင်းအချိုဓာတ်များပြားစွာရှိလာခြင်း၊ ခန္ဓာကိုယ်အတွင်း အဆီများခြင်းနှင့် အဝလွန်ခြင်းကြောင့် ခန္ဓာကိုယ်၏ အင်ဆူလင်ခုခံမှု (Insulin Resistance) များ မြင့်မားလာခြင်းကြောင့် အမျိုးအစား(၂)ဆီးချို ဖြစ်ပွားခံစားရစေပါသည်။ အမျိုးအစား(၂)ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ခန္ဓာကိုယ်အတွင်း မကောင်းသောအဆီများသည့်ရောဂါ၊ အဝလွန်ရောဂါစသဖြင့် တွဲဖက်ခံစားရပါက နှလုံး၊ သွေးကြောနှင့် ဦးနှောက်အာရုံကြောဆိုင်ရာရောဂါများ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါစသဖြင့် ပိုမိုပြင်းထန်သည့် နောက်ဆက်တွဲ မကူးစက်နိုင်သည့်ရောဂါများကိုပါ ဆက်လက်ခံစားရ၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးနိုင်ပါသည်။

အထက်ဖော်ပြချက်များအရ အစားအသောက်ကို ညီညွတ်မျှတစွာ စားသောက်ရေး (Balanced Diet) သည် လူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် အခြေခံကျန်းမာရေးကောင်းမွန်စွာဖြင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် အထူးသတိပြု၍ ဉာဏ်နှင့်ယှဉ်ကာ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါသည်။

နေ့စဉ်ဘဝတွင် အရွယ်ရောက်ပြီး အမျိုးသားတစ်ဦး ပုံမှန်စားသုံးသင့်သည့် ညီညွတ်မျှတအာဟာရရရှိနိုင်မည့် ထမင်းပန်းကန်နမူနာ(Plate Model)ကို တင်ပြလိုက်ရပါသည်။

**အရွယ်ရောက်ပြီးအမျိုးသားတစ်ဦး နေ့စဉ်ဘဝတွင် ပုံမှန်စားသုံးသင့်သည့် ထမင်းပန်းကန်နမူနာ (Plate Model)**




အထက်ဖော်ပြပါပုံသည် အရွယ်ရောက်ပြီး အမျိုးသားတစ်ဦး ပုံမှန်စားသုံးသင့်သည့် ထမင်းပန်းကန်နမူနာဖြစ်ပြီး အခြားအသက်အရွယ်များနှင့် အမျိုးသမီးများတွင်လည်း မိမိတို့နေ့စဉ်စားသုံးမည့် ထမင်းပန်းကန်ကို အောက်ပါအတိုင်း နေရာခွဲဝေမှုပြု၍ စားသုံးသင့်ပါသည်။

(၁) ပထမဦးစွာ မိမိစားသုံးမည့် ထမင်းစားပန်းကန်၏ မျက်နှာပြင်ဧရိယာကို အပိုင်းလေးပိုင်းခွဲပါ။

(၂) ပထမလေးပုံတစ်ပုံဧရိယာတွင် အသားဓာတ်ပါသောအစားအစာများ (ဥပမာ–အသား၊ ငါး၊ ပဲ၊ ဥအမျိုးမျိုး) အတွက် နေရာပေးပါ။ အရွယ်ရောက်ပြီး အမျိုးသားတစ်ဦးသည် တစ်ရက်လျှင် အနည်းဆုံး အသားဓာတ် ငါးကျပ်သားမှ ၁၀ ကျပ်သားအထိ စားသုံးသင့်ပါသည်။ အလားတူ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များလည်း စားသုံးသင့်ပါသည်။

(၃) ဒုတိယလေးပုံတစ်ပုံဧရိယာတွင် အင်အားဖြစ်စေသော အစားအစာများ (ဥပမာ–ထမင်း၊ ကြာဆံ၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ပလာတာ၊ မုန့်ဟင်းခါးမုန့်ဖတ်၊....စသည်) အတွက် နေရာပေးပါ။ အရွယ်ရောက်ပြီး အမျိုးသားတစ်ဦးသည် တစ်ရက်လျှင် အများဆုံးအနေဖြင့် ထမင်း ၁၅ ကျပ်သားမှ ၂၀ ကျပ်သားအထိသာ တတ်နိုင်သမျှလျှော့၍ စားသုံးသင့်ပါသည်။ ဆာလောင်မှုမပြေသေးလျှင် အသားဓာတ်ပါဝင်သော အစားအစာများ (သို့မဟုတ်) ဟင်းသီးဟင်းရွက်များကို တိုး၍ စားသင့်ပါသည်။

စာမျက်နှာ ၁၉ သို့

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA - 013733 သို့ ၈-၁၁-၂၀၂၂ ရက်မှ ၁၉-၁၁-၂၀၂၂ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ငွေကျပ် ၀ ဒသမ ၅၁၀ သန်း** ဖြစ်သည်။ ၁၉-၁၁-၂၀၂၂ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၅-၁၁-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၁၅,၈၂၇,၀၇၅,၁၄၂.၅၃ |
| (+) ၈-၁၁-၂၀၂၂ မှ ၁၉-၁၁-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | ၅၁၀,၀၀၀.၀၀ |
| (-) သုံးစွဲငွေ (EDC - 600012 သို့ လွှဲပြောင်းခြင်း) (၁၉-၁၁-၂၀၂၂) | ၄၅,၈၉၈,၂၀၀,၀၀၀.၀၀ |
| **၁၉-၁၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၁၆၉,၉၂၉,၃၈၅,၁၄၂.၅၃** |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၅-၁၁-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၆၂,၃၄၉.၅၃ |
| (+) ၈-၁၁-၂၀၂၂ မှ ၁၂ -၁၁ -၂၀၂၂ ရက်နေ့ထိ ရရှိငွေ | - |
| (+) OA - 013733 မှ လွှဲပြောင်းခြင်း(၁၉-၁၁-၂၀၂၂) | ၂၅,၈၀၀,၀၀၀.၀၀ |
| **၁၉ -၁၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၂၅,၈၆၂,၃၄၉.၅၃** |

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA - 013733 သို့
အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၈-၁၁-၂၀၂၂ ရက်နေ့မှ ၁၉-၁၁-၂၀၂၂ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၈-၁၁-၂၀၂၂ | ၅၀၀,၀၀၀ |
| ၁ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၅၀၀,၀၀၀ |
| | | |
| | ၁၉-၁၁-၂၀၂၂ | ၁၀,၀၀၀ |
| ၁ | ဦးအေးအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ။) | ၁၀,၀၀၀ |
| | | |
| | (၈-၁၁-၂၀၂၂ ရက်နေ့မှ ၁၉-၁၁-၂၀၂၂ ရက်နေ့ထိ) စုစုပေါင်း | ၅၁၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ**



**ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၌ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** ( ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၌ တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှစ၍ လပြည့်ကျော် ၁ ရက်အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် ဆီမီးပူဇော်ပွဲကျင်းပလျက်ရှိကြောင်း သိရသည်။)

**ငွေသန်း - ဝေယံ (ဇလွန် )**

## ကန်တော်ကြီး သဘာဝဥယျာဉ် သာယာလှပရေး ပြုပြင်ထိန်းသိမ်းပေးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ် ကန်ရေပြင် သန့်ရှင်းကြည်လင်သာယာလှပစေရန် အင်းလျားကန်နှင့် ကန်တော်ကြီးတို့အကြား ယခင်ကဆက်သွယ်ထားသော လက်မ ၃၀ ရေပိုက်လိုင်းကို ပြန်လည်အသုံးပြု၍ အင်းလျားကန်မှ ကန်တော်ကြီးသို့ ရေများဖြည့်တင်းပေးနိုင်ခဲ့ရာ ယနေ့ ကန်တော်ကြီးရေပြင်သည် ယခင်နှင့်မတူ တစ်မူထူးခြား သန့်ရှင်းကြည်လင်လာသည့်အတွက် အပန်းဖြေအနားယူသူများ ကိုယ်ကာယလှုပ်ရှားလမ်းလျှောက်သူများနှင့် ကိုယ်ကာယ အလှတိုးစေရန် အေရိုးဗစ်အားကစား လိုက်စားသူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့လာမည်ဖြစ်ကြောင်း သိရသည်။



ထို့ပြင် မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်ပတ်ဝန်းကျင်နေရာ၊ လွတ်လပ်ရေးကို မယိမ်းမယိုင် တည်တံ့စေရန် ကာကွယ်တိုက်ပွဲဝင်ခဲ့သော သံချပ်ကာကား(တင့်ကား ကုန်း) နေရာ၊ အရှေ့တိုင်း၊ အနောက်တိုင်း လွှမ်းမိုးမှုများမပါဘဲ မြန်မာ့ဗိသုကာ ပညာရှင်များက ဒီဇိုင်းရေးဆွဲ တည်ဆောက်ထားသော ကရဝိက်နန်းတော်နေရာများသည် ဝိသေသဂုဏ်ထူးများနှင့် ပြည့်စုံပြီး ကန်တော်ကြီး၏ သမိုင်းသရုပ်ကို ထင်ဟပ်စေသော နေရာများဖြစ်သည့်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသည် လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းကာ အစဉ်ပြုပြင် ထိန်းသိမ်းပေးလျက်ရှိကြောင်း သိရသည်။ **စောသိန်းဝင်း**

❂ စာမျက်နှာ ၁၈ မှ

(၄) ကျန်တတိယနှင့် စတုတ္ထလေးပုံနှစ်ပုံတွင် ရောဂါကာကွယ်စေသော အစားအစာ (ဥပမာ-ဟင်းသီးဟင်းရွက်များ) အတွက် နေရာပေးပါ။ အရွယ်ရောက်ပြီးအမျိုးသား တစ်ဦးသည် တစ်ရက်လျှင် အနည်းဆုံး ဟင်းသီးဟင်းရွက် ငါးကျပ်သားမှ ၁၂ ကျပ်သားအထိ စားသုံးသင့်ပါသည်။ အလားတူ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များလည်း စားသုံးသင့်ပါသည်။

**အစားအစာကို အခြေခံအားဖြင့် အုပ်စုသုံးစု ခွဲခြားသတ်မှတ်ထားရာ(၁) အင်အားဖြစ်စေသော အစားအစာများ၊ (၂) ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အစားအစာများ၊ (၃)ရောဂါကာကွယ်စေသော အစားအစာများဖြစ်ပါသည်။ နေ့စဉ် အာဟာရလုံလောက်မျှတစေရေးအတွက် စားသောက်ရာတွင် အဆိုပါ အစာအုပ်စုသုံးစုလုံး စုံလင်စွာပါဝင်ရန် လိုအပ်ပါသည်။ ထိုသို့ အစာအုပ်စုသုံးစု စုံလင်စွာ စားသုံးရာတွင် အစာအုပ်စုအလိုက် ပါဝင်သည့် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်ခြောက်မျိုး (ကစီဓာတ်၊ အဆီဓာတ်၊ အသားဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်ဓာတ်နှင့် ရေဓာတ်) ကိုလည်း ညီညွတ်မျှတစွာပါဝင်စေရေး စားသုံးရမည်ဖြစ်**

ကစီဓာတ်(ကာဗိုဟိုက်ဒရိတ်)ကို လျှော့ချစားသုံးရာတွင် ဆန်မှုရရှိသည့်ထမင်းသည် အထက်တွင် တင်ပြခဲ့သကဲ့သို့ ကစီဓာတ်မှ သကြားဓာတ်အဖြစ်သို့ ပြောင်းလဲမှုနှုန်း Glycaemic index (GI) မြင့်မားသည့်အစားအစာတွင် ပါဝင်သည့်အတွက် လွန်ကဲစွာ စားသုံးခြင်းအားဖြင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ရှိနိုင်ခြင်းဖြစ်ပါသည်။ ဆန်မှုရရှိသည့် ထမင်းအစားထိုးအဖြစ် Glycaemic index (GI) ပိုမိုလျော့နည်း၍ အစားအသောက်တွင် အမျှင်ဓာတ် (Fibre) ပိုမိုပါရှိသည့် အစားအစာများကို လဲလှယ်စားသုံးနိုင်ပါသည်။ အထူးသဖြင့် ဆီးချို၊ သွေးချိုရောဂါရှိသူများအနေဖြင့် ထိုကဲ့သို့သော အစားအစာများကို ရိုးရိုးဆန်မှုရရှိသောထမင်းကို လျှော့၍စားသည့်အခါတွင် အစားထိုး၍ စားသုံးသင့်သည့်အစားအစာများ ဖြစ်ပါသည်။ အဆိုပါ အစားအစာများမှာ အစေ့အဆန်အမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ဂျုံကြမ်း၊ ဆန်လုံးညို၊ အချိုဓာတ်လျော့နည်းသည့် အသီးများ၊ ဟင်းသီးဟင်းရွက်အမျိုးမျိုးစသည်တို့ ဖြစ်ပါသည်။

အသက်အရွယ်၊ ကျား၊ မ၊ အလုပ်အကိုင်အလိုက် ညီညွတ်မျှတသည့် အာဟာရပြည့်ဝစွာရရှိရေး အတွက် လိုအပ်သော အာဟာရဓာတ်များပါဝင်ပြီး အမျိုးအစားစုံလင်စွာဖြင့် မျှမျှတတ သင့်လျော်သည့် ပမာဏကို ဉာဏ်နှင့်ယှဉ်၍ သတိပြုစားသောက်ရမည်ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်နေထိုင်မှုပုံစံကို ပြောင်းလဲကျင့်သုံးကာ နေ့စဉ်အလေ့အထဖြစ်စေခြင်းဖြင့် အာဟာရမျှတမှုရှိ၍ ကျန်းမာသန်စွမ်းကာ ရောဂါဘယပေါင်းစုံမှ ကင်းဝေးမည်ဖြစ်ပါ၍ “အစာစားလျှင် ဉာဏ်နှင့်ယှဉ်၊ သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ” မည့်အကြောင်း တင်ပြလိုက်ရပါသည်။ ။

■

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6 (စနစ်သစ်)

ယခင်အပတ်က **Unit 4: Lesson: 4 What we like and dislike** သင်ခန်းစာပါ အကြောင်းအရာများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ **Unit 5: Lesson 1 : Where shall we meet?** အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 5: Lesson 1 : Where shall we meet? (ဘယ်နေရာမှာဆုံကြမလဲ)

•Making appointments (ချိန်းဆိုမှုပြုလုပ်ခြင်း)
•Nationalities and countries (နိုင်ငံနှင့် လူမျိုး)

Making appointments (ချိန်းဆိုမှုပြုလုပ်ခြင်း)

**Common phrases for making appointments**
**(ချိန်းဆိုမှုပြုလုပ်ရာတွင် အသုံးများသည့်ဝါကျများ)**

**Can we meet on** Sunday? (တနင်္ဂနွေနေ့မှာ တွေ့နိုင်မလား။)
**Can we meet next** Friday?(လာမယ့်သောကြာနေ့မှာ တွေ့နိုင်မလား။)
**Are you available on** the 14th?(၁၄ ရက်နေ့မှာ မင်းအားလား။)
**Are you free** next week? (လာမယ့်အပတ်မှာ မင်းအားလား။)
**Let's meet** this evening. (ဒီညနေခင်းမှာ ဆုံကြမလား။)
**When can I talk to you?** (ဘယ်အချိန် မင်းနဲ့စကားပြောနိုင်မလဲ။)
**Can I meet you** tomorrow afternoon?
(မနက်ဖြန် မွန်းလွဲပိုင်းမှာ ငါတို့ တွေ့နိုင်မလား။)
**How about** tomorrow evening?
(မနက်ဖြန် ညနေခင်းဆိုရင်ရော...တွေ့နိုင်မလား။)
**Is** next Monday **convenient for you**? (လာမယ့် တနင်္လာနေ့ မင်းအားလား။)
**Do you have any time available** this week? (ဒီတစ်ပတ် အားတယ်မလား။)
**When would be a good time to meet you?**
(ဘယ်အချိန် မင်းနဲ့တွေ့နိုင်မလဲ။)
**Would** today evening **be all right**?(ဒီညနေခင်းဆိုရင် အဆင်ပြေလား။)
**Can you give me an appointment on** Sunday?
(တနင်္ဂနွေနေ့မှာ မင်းကိုတွေ့နိုင်မယ့် အချိန်တစ်ချိန်လောက်ပေးနိုင်မလား။)

Accepting an appointment: **(ချိန်းဆိုမှုကို လက်ခံခြင်း)**

Sure. I'll come. (ရတာပေါ့။ ငါလာပါ့မယ်။)
Yes, Sunday is fine. (ကောင်းပြီ။ တနင်္ဂနွေနေ့ တွေ့ကြမယ်လေ။)
Friday would be perfect.(သောကြာနေ့ တွေ့ကြမယ်လေ။)
I'll be there at that time.(အဲဒီအချိန် ငါလာခဲ့မယ်။)

Canceling/rejecting an appointment: **(ချိန်းဆိုမှုကို ငြင်းဆန်ခြင်း)**

Sorry. I have another appointment at that time.
(ဝမ်းနည်းပါတယ်။ အဲဒီအချိန် တခြားကိစ္စလေးရှိသေးတယ်။)
I'm sorry. I can't come. (ဝမ်းနည်းပါတယ်။ ငါ မလာနိုင်ဘူး။)
I'm afraid I can't on the 14th.(အားနာလိုက်တာ။ ၁၄ ရက်နေ့ ငါမလာနိုင်ဘူး။)
**I'm sorry, I won't be able to make it on** Sunday.
(ဝမ်းနည်းပါတယ်။ တနင်္ဂနွေနေ့မှာ ငါမလာနိုင်ဘူး။)
Sorry. I don't think I can make it.(ဝမ်းနည်းပါတယ်။ ငါ လာနိုင်မယ်မထင်ဘူး။)

(1) **Read the following conversations and practise them with your friends. (အောက်ပါ စကားပြောပုံစံများကိုဖတ်ပြီး သူငယ်ချင်းများနှင့် စကားပြောလေ့ကျင့်ပါ။)**

**Conversation (1)**

**A: Do you have any plans for Wednesday after school?**
ဗုဒ္ဓဟူးနေ့ ကျောင်းပြီးရင် ဘာအစီအစဉ်ရှိလဲ။
**B: No. None. Why?** မရှိပါဘူး။ ဘာလို့လဲ။
**A: Then what about playing football?** ဘောလုံးကစားမှာမလား။
**B: Why not? When shall we meet?** ကစားမှာပေါ့။ ငါတို့ ဘယ်မှာဆုံကြမလဲ။
**A: After school at 4:00. Let's meet at the football ground on Main Street.** ကျောင်းဆင်း ၄ နာရီမှာ ဆုံမယ်။ မိန်းလမ်းပေါ်က ဘောလုံးကွင်းမှာ တွေ့ကြမယ်လေ။
**B: Good! That is near our school. OK. See you then.** ကောင်းသားပဲ။ အဲဒီကစားကွင်းက ငါတို့ကျောင်းနဲ့နီးတယ်။ အိုကေ။ တွေ့ကြမယ်လေ။

**Conversation (2)**

**A: Are you free this evening?** ဒီနေ့ညနေခင်းအားလား။
**B: Oh, Yes, do you have any plans?** အားပါတယ်။ ဘာအစီအစဉ်ရှိလို့လဲ။
**A: We're going to a restaurant for dinner this evening. Would you like to come along with us?** (ဒီညနေမှာ ငါတို့ စားသောက်ဆိုင်တစ်ခုမှာ ညစာသွားစားကြမယ်။ ငါတို့နဲ့ လိုက်ချင်လား။
**B: That's great. I'd love to. Where shall we meet? And when?** ကောင်းတာပေါ့။ ငါလိုက်ချင်ပါတယ်။ ဘယ်မှာဆုံကြမလဲ။ ဘယ်အချိန်ဆုံမှာလဲ။
**A: Let's meet at the Sunshine Restaurant. Will 6 o'clock be OK?** ဆန်းရှိုင်းစားသောက်ဆိုင်မှာ တွေ့ကြမယ်လေ။ ၆ နာရီလောက်ဆို အဆင်ပြေလား။
**B: Sure. I'll come to you. See you.** ရပါတယ်။ ငါလာခဲ့ပါမယ်။

**အောက်ပါစကားပြောပုံစံကို အင်္ဂလိပ်လိုရေးပါ။**

A: မနက်ဖြန်နံနက် အားလား။
B: အားပါတယ်။ ဘာရှိလို့လဲ။
A: ငါရွှေတိဂုံဘုရား သွားချင်လို့။ ငါ့ညီမတွေကလည်း မအားဘူး။ မင်းငါနဲ့ လိုက်ချင်လား။
B: လိုက်ချင်ပါတယ်။ ဘယ်အချိန်ဆုံမှာလဲ။ ဘယ်နေရာမှာတွေ့ကြမှာလဲ။
A: မင်းတို့လမ်းထိပ်က ကားမှတ်တိုင်မှာ နံနက် ၉ နာရီ စောင့်နေပါ။ ငါလာခေါ်မယ်လေ။
B: ကောင်းပါပြီ။ တွေ့ကြမယ်လေ။
A: ______________________________
B: ______________________________
A: ______________________________
B: ______________________________
A: ______________________________
B: ______________________________

**Nationalities and countries (နိုင်ငံနှင့် လူမျိုး)**

**Complete the table with the correct words.**

| Country | Nationality |
|---|---|
| 1. Japan | Japanese |
| 2. Korea | ________ |
| 3. Thailand | ________ |
| 4. _______ | Chinese |
| 5. _______ | Malaysian |
| 6. Singapore | _______ |
| 7. India | _______ |
| 8. Vietnam | _______ |
| 9. Laos | _______ |
| 10. _______ | Indonesian |

**(A) Write the sentences using the information given below.**

e.g. Ma Ma/Japan/Japanese
A: Where are you from, Ma Ma?
B: I'm from Japan. I'm Japanese.

1. Ko Ko/ India / Indian
A: ________________?
B: ___________. ____________.

2. Zaw Lay / Korea/ Korean
A: __________________?
B: _____________. _____________.

3. Myo Gyi/ Malaysia/ Malaysian
A: __________________?
B: ____________. ___________.

(ဆက်လက်ဖော်ပြပါမည်)

## Grade 7 (စနစ်သစ်)

ယခင်အပတ်က Lesson 3 : The most expensive jeans အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 4: A nice blue cotton T-Shirt သင်ခန်းစာအကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### Lesson 4: A nice blue cotton T-Shirt

• Short messages (စာတိုရေးခြင်း)
• Order of adjectives (နာမဝိသေသနများ၏အစဉ်)

**Writing messages**

စာတိုများရေးသားရာတွင် salutation (နှုတ်ခွန်းဆက်စကား)၊ messages (ပေးစာအကြောင်းအရာ)၊ leave-taking (နှုတ်ဆက်စကားပြောခြင်း)နှင့် signature (လက်မှတ်) တို့ပါဝင်ရမည်ဖြစ်သည်။

| | |
|---|---|
| (1) salutation | Dear Aunty Aye, ချစ်ရပါသော အန်တီအေးရေ |
| (2) message | Are you OK in Myeik? I think you don't forget that I asked you to buy a lovely pearl bracelet. I want to wear it at our school prize-awarding ceremony. I think it will suit me perfectly.<br>မြိတ်မြို့မှာ အဆင်ပြေရဲ့လား။ သမီးမှာထားတဲ့ ပုလဲလက်ကောက်လေးဝယ်ဖို့ မမေ့ဘူးလို့ သမီးထင်တယ်။ အဲဒီလက်ကောက်လေးကို ကျောင်းဆုပေးပွဲအခမ်းအနားမှာ ဝတ်ချင်လို့ပါ။ သမီးနဲ့ လိုက်ဖက်မယ်လို့ ထင်ပါတယ်။ |
| (3) leave-taking | Love, အချစ်များစွာဖြင့် |
| (4) signature | Thida သီတာ |

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

**(1) Your birthday is next month. Think about a gift you wish to have for your coming birthday. Give three adjectives to describe the gift.**
• The gift you wish to have (သင်လိုချင်တဲ့လက်ဆောင်) e.g a hat
• Adjectives to describe it (ဖော်ပြရန် နာမဝိသေသနများ)
e.g. new, small, red
• Why you wish to have it (လိုချင်ရတဲ့အကြောင်း)
e.g. it will go well with my new white T-shirt.

**(2) Write a short message to your uncle, using the notes above. Ask him to buy you a gift for your coming birthday.**
(အထက်မှာဖော်ပြတဲ့အချက်အလက်များကို အသုံးပြုပြီး ဦးလေးဆီ စာတိုတစ်စောင်ရေးပါ။ မွေးနေ့ပွဲအတွက် လက်ဆောင်ဝယ်ဖို့ပြောပါ။)

**Sample message(နမူနာစာတိုတစ်စောင်)**

| |
|---|
| Dear Uncle,<br>Do you have a plan to go a shopping centre today? If so, can you please buy me a new, small, red hat. I wish to wear it on my coming birthday at the next month. I think it will go well with my new white T-shirt.<br>Yours,<br>Min Min |

**(3) You are Khin Khin. Write a short message to your aunty. Ask him to buy you a gift.**

Dear _____,
------------------------------------------------
------------------------------------------------
------------------------------------------------
_____,
_____

**Order of adjectives (နာမဝိသေသနများ၏ အစဉ်)**

နာမ်တစ်လုံး၏အရှေ့တွင် နာမဝိသေသနများ တစ်ခုထက်ပိုပြီး ပါဝင်နေပါက အောက်ပါအစီအစဉ်အတိုင်း ရေးသားရသည်။

| |
|---|
| Quantity/ number, opinion, size, shape, age, colour, origin and material + Noun<br>ပမာဏ (သို့မဟုတ်) အရေအတွက်၊ ထင်မြင်ချက်၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ သက်တမ်း၊ အရောင်၊ မူလနေရာနှင့် ပြုလုပ်ထားတဲ့ပစ္စည်း + နာမ် |

**(A) Choose the correct answer.**

1.A new black car (or) A black new car ____________
2.An old interesting book (or) An interesting old book ____________
3.A delicious French food (or) A French delicious food ____________
4.An old silly cat (or) A silly old cat____________
5.An American big red truck (or) A big red American truck (or) A red big American ____________
6.Beautiful red shoes (or) Red beautiful shoes ____________
7.A Japanese tall girl (or) A tall Japanese girl____________
8.A chocolate delicious round cake (or) A delicious round chocolate cake (or) A round delicious chocolate cake____________
9.Some big great oranges (or) Some great big oranges____________
10.An electronic new guitar (or) A new electronic guitar____________

**(B)Complete the sentences with the right order of adjectives. (အောက်ပါတို့ကို နာမဝိသေသနအစဉ်မှန်အတိုင်း ဖြည့်စွက်ပါ။)**

1.We wanted ___________ (grey/a/metal)table.
2.They bought ___________ (red/a/new)car.
3.She went home and sat on___________(comfortable/ her / wooden/ old) bed.
4.He bought___________(woolen/a/ British/fabulous) suit.
5.They have ___________(Japanese/ black) bicycles.
6.He wants ___________(some /French / delicious/ really) cheese.
7.___________(young/a/pretty) girl walked into the room.
8.He has ___________(a lot of/old/interesting) books.
9.She bought ___________(plastic/red/a/new) lunchbox.
10.He is looking for ___________(leather / stylish / a /black) bag.

Ans: (A)
*1. A new black car*
*2. An interesting old book*
*3. A delicious French food*
*4. A silly old cat*
*5. A big red American truck*
*6. Beautiful red shoes*
*7. A tall Japanese girl*
*8. A delicious round chocolate cake*
*9. Some great big oranges*
*10. A new electronic guitar*

(B)
*1. We wanted a grey metal table.*
*2. They bought a new red car.*
*3. She went home and sat on her comfortable old wooden bed.*
*4. He bought a fabulous British woolen suit.*
*5. They have black Japanese bicycles.*
*6. He wants some really delicious French cheese.*
*7. A young pretty girl walked into the room.*
*8. He has a lot of interesting old books.*
*9. She bought a new red plastic lunchbox.*
*10. He is looking for a stylish black leather bag.*

(ဆက်လက်ဖော်ပြပါမည်)

## Grade 8 (စနစ်ဟောင်း)

ယခင်အပတ်က Active Voice မှ Passive Voice ပြောင်းရေးနည်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 1: The Same or Different? နှင့် Lesson 2 : The King's Nightingale တို့နှင့်သက်ဆိုင်သည့် လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### LESSON 1: THE SAME OR DIFFERENT?
### LESSON 2: THE KING'S NIGHTINGALE

**I. Supply the suitable word in each blank in the sentence.**

1. She is a graphic a_____.
2. We will meet at the main e_____.
3. There is a t_____ under the river.
4. I think he is telling the t_____.
5. My mother's birthday is drawing n_____.
6. The m_____s of the room are 20 feet by 20 feet.
7. The twins are d_____ in their manners.
8. Wild animals live in f_____.
9. She can sing well. Her v_____ is very sweet.
10. The child is hiding in the b _____.

**II. Supply the correct form of the word given in brackets.**

1. (swim) Min Min is a good _____ among the boys.
2. (old) I am the _____ of the two sons.
3. (short) The child was too _____ to reach the cupboard.
4. (good) I hope you will get _____ soon.
5. (village) The _____s are digging a well at the head of the village.
6. (tall) Zaw Lay is two inches _____ than me.
7. (young) My brother is three years _____ than me.
8. (loud) She spoke very _____.
9. (die) My grandpa has been _____ for 20 years now.
10. (die) The cobra is one of the world's _____ snakes.

**III. Supply the correct form of the verb given in brackets.**

1. (study) I _____ Japanese in these days.
2. (seem) Her father _____ to be an officer.
3. (guess) Can you _____ my age?
4. (tell) Our grandma _____ us a story every night.
5. (just draw) I _____ a picture of our beautiful house.
6. (look) Are you still_____ for a job?
7. (make) Daw Lay _____ a meal for us now.
8. (differ) The handsets _____ in size and shape.
9. (say) How do you _____ "goodbye" in Chinese?
10. (never travel) I _____ Inlay Lake before.

**IV. Answer the following questions in full sentences.**

1. Can we always trust our eyes?
2. Who gave the King a toy nightingale?
3. What kind of a voice did the nightingale have?
4. Why did the King want the nightingale very much?
5. When does a thing seem smaller than it really is?

Ans: I. 1. artist; 2. entrance; 3. tunnel; 4. truth; 5. near; 6. measurements; 7. different; 8. forest; 9. voice; 10. bushes;

II. 1. swimmer; 2. elder;(the ပါပေမယ့် Degree 3 ထည့်လို့မရပါ။ နှစ်ယောက်ထဲနှိုင်းယှဉ်ထားတဲ့အတွက် D2 သာဖြေဆိုရမှာပါ။) 3. short; 4. better; 5. villagers; 6. taller; 7. younger; 8. loudly; 9. death; 10. deadly;

III. 1. am studying; 2. seems; 3. guess; 4. tells; 5. have just drawn; 6. looking; 7. is making; 8. differ; 9. say; 10. have never travelled;

IV. 1. No. we cannot always trust our eyes.
2. The other country's king gave the King a toy nightingale.
3. The nightingale had a sweet voice.
4. The King wanted the nightingale very much because he liked it singing.
5. A thing seems smaller than it really is when it is farther away from us.

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Verb Forms မေးခွန်းတွေကို ကာလမျိုးစုံပေါင်းစပ်ပြီး လေ့ကျင့်ခန်းတွေ ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 1: THE NECKLACE နှင့် Lesson 2 : The Nobel Prize သင်ခန်းစာတွေနဲ့ သက်ဆိုင်တဲ့မေးခွန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### LESSON 1: THE NECKLACE
### LESSON 2 : THE NOBEL PRIZE

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. A h___ family cannot be bought with money.
2. He settled me a d___ of 5000 K this morning.
3. Mingalabar is a g___ of Myanmar people.
4. What is the d___ between the twins?
5. Be c___ when you cross the road.
6. Everyone wants p___ and quiet.
7. Good friendship is the key to s___ in life.
8. N___ are eyes and ears of a country.
9. By selling d___, Alfred Nobel became rich.
10. A p___ is a scientist who studies Physics.

**II. Supply the correct form of the word given in brackets.**

1. (discover) Alexander Fleming was the ___ of penicillin.
2. (poor) U Mwe is the ___ man in our village.
3. (happy) The opposite of sadness is ___.
4. (decide) Zin Thu never makes his own ___.
5. (friend) Ko Lay is very ___.
6. (poor) Daw May Thi was ___ dressed.
7. (invent) A bulb is one of the ___s of Edison.
8. (serve) The supply of water, gas and electricity are essential ___s.
9. (chemistry) This is a ___ industry.
10. (nation) These are part of our ___ heritages.

**III. Supply the correct form of the verb given in brackets.**

1. (notice) I ___ your new hairstyle.
2. (remember)Do you ___ me, Ma Sein Kyi?
3. (greet) She ___ us when we got there this morning.
4. (make) Don't ___ a noise! Teacher is going to teach.
5. (switch) I am not watching the TV. You can ___ it off.
6. (produce) Myanmar and Vietnam ___ a lot of rice every year.
7. (wear)Father ___ glasses whenever he reads.
8. (replace)Nothing can ___ my true love.
9. (think) I ___ he will pass the exam.
10. (invent) By whom was the telephone ___?

**IV. Answer each question below in one complete sentence.**

1. What did Daw May Thi replace Daw Sein Kyi's necklace with?
2. Where and when was Alfred Nobel born?
3. How long ago did Daw May Thi borrow the necklace from Daw Sein Kyi?
4. Why did Daw Sein Kyi feel sorry for Daw May Thi?
5. Why was Alfred Nobel sad about his invention one day?

Ans: I. 1. happy; 2. debt; 3. greeting; 4. difference; 5. careful; 6. peace; 7. success; 8. Newspapers; 9. Dynamites; 10. physicist;

II. 1. discoverer; 2. poorest; 3. happiness; 4. decision; 5. friendly; 6. poorly; 7. inventions; 8. services; 9. chemical; 10. national;

III. 1. notice; 2. remember; 3. greeted; 4. make; 5. switch; 6. produce; 7. wears; 8. replace; 9. think; 10. invented;

IV. 1. Daw May Thi replaced Daw Sein Kyi's with a real diamond necklace.2. In 1833, Alfred Nobel was born in Sweden. 3. Daw May Thi borrowed the necklace from Daw Sein Kyi for about ten years. 4. Daw Sein Kyi felt sorry for Daw May Thi because she returned a real diamond necklace. (or) because she didn't know that Daw Sein Kyi's necklace was not a real one.5. Alfred Nobel was sad about his invention one day because people used it to kill one another.

## GRAMMAR PATTERNS

### So… that (အလွန်ဖြစ်သောကြောင့်)

- Very နေရာတွင် so ထည့်ပါ။ very မပါလျှင် adj (သို့) adv ရှေ့တွင် so ထည့်ပါ။
- ဝါကျနှစ်ကြောင်းကို that ဖြင့်ဆက်ပေးပါ။

e.g. He is very short. He cannot be a basketball player.
He is so short that he cannot be a basketball player.

e.g. She is very intelligent. She can pass the exam.
She is so intelligent that she can pass the exam.

Ex: 1. This sum is very difficult. I cannot solve it.
This sum is so ___________________________.
2. The tree is very high. I cannot climb it.
The tree is so _____________________.
3. This box is very heavy. I cannot carry it alone.
This box is so__________________________.
4. She is very beautiful. She can be a model.
She is so _________________________.
5. He is very friendly. He can have many friends.
He is so ____________________________.

### Too… to (လုပ်ဖို့ … လွန်လွန်းသည်။)

- very, so, quite နေရာတွင် too ထည့်ပါ။
- ဝါကျနှစ်ကြောင်း Subject တူလျှင် နောက်ဝါကျကို ကြိယာရောက်တဲ့အထိ ဖျက်ပါ။ Verb ကြိယာရှေ့တွင် to ထည့်ပေးပြီး ကျန်ဝါကျပိုင်းကို ပြန်ရေးပါ။

e.g. She is very tired. She cannot get up.
She is too tired to get up.

e.g. He is so young. He cannot understand what you say.
He is too young to understand what you say.

- ဝါကျနှစ်ကြောင်း Subject မတူလျှင် နောက်ဝါကျ၏ Subject အရှေ့တွင် for ခံပေးရသည်။

e.g. The bicycle is very old. I cannot ride it.
The bicycle is too old for me to ride.

e.g. The milk is very hot. We cannot drink it.
The milk is too hot for us to drink.

Ex: 1. I am very tired. I cannot run anymore.
I am too _________________________.
2. The house is very small. The two families cannot live in it.
The house is too ____________________________.
3. The boys are very lazy. They cannot pass the exam.
The boys are too _______________________.
4. The book is very boring. He cannot be interested in it.
The book is too ____________________________.
5. The bag is so heavy. The young boy cannot carry it.
The bag is too ____________________________.

### Enough … to (…လုပ်ဖို့ လုံလောက်သည်။)

- Enough သည် Noun ရဲ့အရှေ့၊ adj (or) adv ရဲ့အနောက်တွင် ရှိသည်။
- Very, so, quite ပါရင် ဖြုတ်ပြီး adj (or) adv ရဲ့အနောက်တွင် enough ကိုထားပါ။
- Many, much, a lot of ပါရင်ဖြုတ်ပြီး Noun ရဲ့အရှေ့တွင် enough ကိုထားပါ။
- ဝါကျနှစ်ကြောင်း Subject တူရင် enough …to V1 ဖြစ်ပြီး Subject မတူလျှင် enough …for…to V1 ဖြစ်သည်။

e.g. She is so clever. She can win the match.
She is clever enough to win the match.

e.g. The coffee is cold. I can drink it.
(Subject မတူ enough …for …to)
The coffee is cold enough for me to drink.

e.g. I have much money. I can buy this house.
I have enough money to buy this house.

e.g. The sum is not very easy. We cannot solve it.
(Subject မတူ enough …for …to)
The sum is not easy enough for us to solve.

Ex: 1. The cows are very strong. They can pull the cart.
The cows are _____________________________.
2. The book is very interesting. I can read it in one sitting.
The book is ______________________________.
3. I do not have much money. I cannot buy this kind of handset.
I do not have ____________________________.
4. He has many friends. He can do this work easily.
He has ______________________________.
5. Teachers are very experienced. The students can pass the exam easily.
Teachers ______________________________.

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ရိုဇီခင်တင့်ထူး

ဦးဖိုးကျား

**(၁၃-၁၁-၂၀၂၂ ရက်နေ့မှအဆက်)**

ထိုအခါ ခင်တင့်သည် လက်ခုပ်လက်ဝါးတီး၍ မျက်ရည်ထွက်အောင်ပင် ရယ်ရလေ၏၊ အနီးတွင် နားထောင်ကြသော ဦးဖျော်တို့လူစုလည်း ရော၍ ရယ်ကြရ၏။

ခင်တင့် ခြံတွင်နေလာသည်မှာ နှစ်လပြည့်လု နီးပြီ၊ မကြာမီပြန်တော့မည်၊ မပြန်ခင်ကလေးတွင် ခင်တင့်၏စိတ်ကို လှုပ်ရှားစေသောအကြောင်း တစ်ခုပေါ်လာလေသည်။

တစ်နေ့နံနက်၌ မောင်ခဆီသို့ မိန်းမ တစ်ယောက်လာလေသည်၊မောင်ခရွယ်တူလောက် ရှိ၏၊ တောသူရိုးရိုး၊ အနေအစားရိုးရိုး၊ အဝတ်အစား ရိုးရိုးဖြစ်၍ လှပချောမွတ်သည်ကား မဆိုနိုင်၊ သို့သော် ကိုယ်လုံးကိုယ်ပေါက် အဆင်ပြေ၍ ခန့်ညားသည်၊ မျက်နှာကြည်လင်၏။

“မောင်ခရေ မင်းအားသလားဟေ့၊ ဒါဖြင့် လာစမ်းကွယ်၊ တို့နွားတစ်ကောင် မနက်က လွတ်သွားလို့ ဟိုကညင်ပင်ကုန်းဘက်နား လိုက်ခဲ့ စမ်းကွယ်၊ ကူဖမ်းပေးစမ်းပါ”

“ဘယ်နွားဟာလဲ”

“ဟို .. ငနီကြီးရယ်”

“အေး ... သွားတာပေါ့။ နဖားကြိုးပါသွား သလား၊ ကြိုးပိုတစ်ချောင်းကော ယူခဲ့ရဲ့လား အေးအေး၊ ကိုင်း ... သွားမယ်” ဆို၍ ပေါ့ပေါ့ပါးပါး ဆင်း၍လိုက်ခဲ့၏။

ခင်တင့်သည် သူတို့အသံကို ကြား၍ အခန်းထဲ တွင် စာဖတ်နေရာမှထ၍ကြည့်မိ၏။

သူတို့နှစ်ယောက် သွားကြသည်မှာ ယောကျ်ားချင်း၊ ညီအစ်ကိုချင်းလိုလည်းကောင်း၊ မွေးကတည်းက လည်ပင်းဖက်ကြီးလာသကဲ့သို့ လည်းကောင်း၊ အလွန်ရင်းနှီးပျော်ရွှင်စွာ ပြောဆို ရယ်မော၍သွားကြ၏။ တစ်ခါတစ်ခါ ခေါင်းချင်း ကပ်ကာ စကားပြောကြလေ၏။ တစ်ခါတစ်ခါ တစ်ယောက်နှင့်တစ်ယောက် ပုးကပ်ထိခိုက်၍ပင် သွားကြ၏၊ ကွင်းစပ်တွင် သူတို့နှစ်ယောက်ပျောက် သွားမှ ခင်တင့်သည် အကြည့်ရပ်လိုက်၏။

ခင်တင့် စာပြန်ဖတ်၍မဖြစ်ချေ။ အခန်းတွင်းမှ ခပ်ဆတ်ဆတ်ဆင်းခဲ့၍ အိမ်ဘေးထမင်းချက် တဲကလေးမှ ဦးဖျော်ထံသို့လာခဲ့၏။

“ဦး-ခုနက ကိုခကို နွားဖမ်းလိုက်သွားဖို့ လာခေါ်တာ ဘယ်သူလဲ” ဟု မျက်နှာခပ်တင်းတင်း နှင့် မေးလေ၏။

ဦးဖျော်သည် ခင်တင့်မျက်နှာ တင်းတင်း ရှိသည်ကို သတိပြုမိ၏။

“ ... ခုနကလာတာလား၊ ဟိုဘက်ကုန်းစောင်း က ဖွေးတုတ်ပဲ၊ ဘာဖြစ်လို့လဲ”

“ဩော် မဖြစ်ပါဘူး၊ တစ်ခါမှ လာတာမတွေ့ ဖူးလို့ ဘယ်သူလဲလို့ မေးတာပါ”

“ဖွေးတုတ်ပါ၊ အင်း . . . ဟုတ်တယ်၊ အခု တစ်လော ဒီအိမ်ကိုမရောက်ဘူး၊ ဩော်...ဩော် ... ဟို သူတို့အရီးတစ်ယောက် ဟိုမြောက်ဘက် နားက ဝါးတောဆိုတဲ့ရွာမှာ မမာလို့၊ နို့မဟုတ်ရင် ဒီအိမ်ကို တစ်နေ့ သုံး၊ လေးခေါက် ရောက်မှာပေါ့၊ လာနေကျပဲ”

“ကိုခတို့နဲ့ အမျိုးလား”

“ဘာမှမတော်ပါဘူး၊ နို့ပေတဲ့ အရင်းလိုပဲ ငယ်ငယ်ကလေးကစပြီး သူတို့နှစ်ယောက် ကစား ဖက်ကလားကွဲ့၊ အင်မတန်ချစ်ကြတယ်၊ တစ်ယောက်စားရရင် ဝေစားကြတယ်၊ သူတို့ နှစ်ယောက် ရန်ဖြစ်ဖက်လည်းဟုတ်တယ်၊ စကား သုံး၊ လေးခွန်းပြောမိရင် ရန်ဖြစ်တာပဲ၊ တစ်ခါတစ်ခါ ဖက်သတ်ကြတာပဲ၊ အောင်မယ် .. ဖွေးတုတ်က မိန်းကလေးပေတဲ့ မင့်မောင်ခကို ဘာကြောက်မလဲ၊ ဖက်သတ်ရင် မင့်မောင်ခ အောက်ကကျတာများတယ်၊ အင်း-ရန်ဖြစ်ပြီးကြာလှရင် ထမင်းအိုးတစ်လုံးချက်ပဲ၊ ဟော .. ဘာမှမဖြစ်ခဲ့သလိုပဲ၊ ခေါ်လို့ ပြောလို့၊ ရယ်လို့ ပြုံးလို့ နေကြပြန်ရော”

“အခုကြီးမှကော ဖက်သတ်ကြသေးသလား”

“အင်း၊ အခုတော့ ငယ်ငယ်လောက်မဟုတ်ပါဘူး၊ နို့ပေတဲ့ ရန်ဖြစ်သေးတာပဲ၊ ဖြစ်ရင် လက်နဲ့တွန်းထိုး ပုတ်ခတ်တော့ လုပ်သေးတာပဲ”

“ဒါဖြင့် သူတို့ဟာ လင်မယားလိုဖြစ်နေတာပေါ့” ဟု ခင်တင့်ပါးစပ်က လွှတ်ခနဲထွက်သွားလေ၏။

“ဒီလိုတော့မဟုတ်ဘူးတူမကြီး၊ ဒီကလေး နှစ်ယောက်ဟာ တို့မျက်စိအောက်မှာကြီးလာတာ၊ သူတို့ထွေထွေပြားပြားမဟုတ်ကြဘူး၊ မောင်ချစ်နှမ ချစ် ရိုးရိုးပဲ”

“နို့ ယောကျ်ားနဲ့မိန်းမ ဒီလောက်နီးနီးကပ်ကပ် ကိုယ်ထိလက်ထိနေကြရင် . . . ”

“ဒါကတော့ ဒီလိုကွယ် တူမရယ်၊ ဦးတို့တောဆီ မှာတော့ ဒီလိုနေကြတာပဲ၊ အလေ့အကျင့်ဖြစ်နေကြ တာကိုးကွဲ့၊ အဖောက်အပြား အပျက်အစီးမရှိကြ ပါဘူး”

> **လူတို့၏စိတ်ဓာတ်သည် ဆန်းကြယ်လှ၏။**
> **အထူးသဖြင့် မိန်းမတို့၏ စိတ်ဓာတ်သည် ပိုမိုဆန်းကြယ်၏။**
> **ရှေးက မိမိအမှုမဲ့အမှတ်မဲ့ ဂရုမစိုက်ခဲ့သူကိုပင်**
> **ထိုသူသည် အခြားမိန်းမတစ်ယောက်နှင့် ရင်းနှီးချစ်ခင်သည်ကို**
> **မြင်ရသောအခါ စိတ်တစ်မျိုး ပြောင်းလာတတ်၏။ ခင်တင့်သည်**
> **မောင်ခအပေါ်တွင် ရှေးကမုန်းခဲ့သည်မဟုတ်ချေ၊ ဖွေးတုတ်နှင့်**
> **ရင်းနှီးသည်ကိုတွေ့ရသောအခါ အပြောအဆိုအမူအရာ**
> **များစွာကွာခြားလာသည်ကို စာဖတ်သူတို့တွေ့ခဲ့ရပြီ။**
> **အမှန်မှာ ခင်တင့်သည် မောင်ခအပေါ်၌ မေတ္တာသက်ရောက်လေပြီ၊**
> **အသို့လျှင် ဖွေးတုတ်ကို စိတ်ချနိုင်အံ့နည်း**

“မောင်ခတို့ ဖွေးတုတ်တို့မှာ (၁၅) နှစ်၊ (၁၆)နှစ် အရွယ်ရှိတောင် ကစားကြတာများ ထွေခင်းတမ်းတို့ ဘာတို့ပေါ့၊ ထွေခင်းဆိုတာ ရှုံးတဲ့လူက အစီးခံရတာ၊ အဲဒါ မင့်မောင်ခက မကြာမကြာရှုံးလို့ ဖွေးတုတ်ရဲ့ အစီးခံရတာ ခါးချိချိနေတာပေါ့ကွဲ့၊ သည့်ပြင်ကလေး တွေ ကလေးမတွေလည်း ဒီလိုပါပဲ၊ အလေ့အကျင့် ဖြစ်နေကြတယ်၊ ကိစ္စမရှိပါဘူး”

ခင်တင့်သည် များစွာမယုံချေ။

ဦးဖျော်ကဆက်၍ “ဒါမျိုးဟာ အလေ့အထကို လိုက်လို့ဖြစ်တယ်၊ ဥပမာ အင်္ဂလိပ်ယောကျ်ားနဲ့မိန်းမ များ လက်ဆွဲနှုတ်ဆက်တယ်ဆို မဟုတ်လား၊ လက်ဆွဲနှုတ်ဆက်တာဟာ ထုံးစံဖြစ်နေတော့ လက်ချင်းဆုပ်ကိုင်တာ သူတို့မှာ ဘာမှစိတ်ဖောက်ပြား ခြင်းကို မဖြစ်စေဘူး၊ ဒီထုံးစံမရှိတဲ့ လူများမှာတော့ ထိရုံနဲ့ပေမယ့်လို့ ဖောက်ပြားစိတ် ပေါ်ချင်ပေါ်လာ တတ်တယ်၊ အခုလည်း တို့ရွာက ကလေးတွေလည်း အလေ့အကျင့်ဖြစ်နေတော့ ဖောက်ဖောက်ပြားပြား ပျက်ပျက်စီးစီးရယ်လို့ မကြားမိပါဘူးကွယ်”

ထိုအခါ ခင်တင့်သည် အတန်ငယ်သက်သာရာရ သော်လည်း ဖက်သတ်သည်၊ တစ်ယောက် တစ်ယောက် စီးကြသည်ဆိုသည်တို့အတွက် မကျေနပ်နိုင်သေးဘဲ ဦးဖျော်ကို နှုတ်မဆက်ဘဲ ချာခနဲလှည့်ထွက်ခဲ့၍ အတော်ကွာတွင် ပန်းပင် ရေလောင်းနေသော မောင်သန်းဆီသို့လာခဲ့၏။

“ဟေ့- မောင်သန်း၊ ခုနက မင့်ဦးလေးကိုလာခေါ် သွားတာဘယ်သူလဲ” ဟု ဆိုင်းမဆင့်ဘဲ မေးလေသည်။

“အစ်မကြီး ဖွေးတုတ်ကယ်၊ ဘာဖြစ်လို့လဲ မမ”

“အဲဒီဖွေးတုတ်ဟာ အပျိုလား၊ လင်နဲ့လား”

“အပျိုပဲ၊ လင်တစ်ခါမှ မရသေးဘူးဗျ”

“ရည်းစားကော မရှိဘူးလား”

“မရှိပါဘူးဗျာ၊ ကျွန်တော်တို့နဲ့ အတူတူနေကြ တာပဲ၊ ရှိရင်သိမှာပေါ့”

“သူ့ကို ဘယ်သူကမှ မကြိုက်ဘူးလား”

“အစ်မကြီးဖွေးတုတ်ကို ကြိုက်တဲ့သူတွေအများ ကြီးဗျ၊ နို့ပေမဲ့ ကြောက်ကြလို့ မပြောဝံ့ကြဘူး၊ တစ်ခါ က ဟိုရွာဖျားက ကိုအေးကြီးက လိုချင်လို့ ကျွန်တော့် ဦးလေး ကိုခဆီတောင်ပြောပေးပါလို့ လာပြောသေး တယ်”

“နို့ မင့်ဦးလေးက ပြောမပေးဘူးလား”

“ဟင့်အင်း ပြောမပေးဘူး၊ မင်းဟာမင်း သွားပြောပါလားလို့ ပြောလိုက်တယ်”

“ဒါဖြင့် မင့်ဦးလေးက မင့်အစ်မကြီး ဖွေးတုတ်ကို သူကိုယ်တိုင်ကြိုက်နေလို့ ပြောမပေးတာဖြစ်တော့ မပေါ့”

“အမယ် မလုပ်ပါနဲ့ဗျာ၊ သူတို့ မောင်နှမအရင်း လိုပဲချစ်ကြတာ၊ ကြိုက်တာတွေ မဟုတ်ပါဘူး၊ တစ်ယောက်တစ်ယောက်လည်း အင်မတန်ယုံကြည် အားကိုးကြတယ်၊ တစ်ယောက်ဖျားရင်လည်း တစ်ယောက်က သွားကြည့်ရှုပေးတာပဲ”

“အင်း အင်းပြောပါဦး။ ငါ့မောင်လေး တယ်လိမ္မာ တယ်၊ သူတို့ တစ်ယောက်တစ်ယောက်ကို နင်းနှိပ်ပေး ကြသလား၊ ပွဲ့ဖက်ကော လုပ်သေးသလား”

“နင်းနှိပ်တော့ ပေးကြတယ်၊ ပွဲ့ဖက်တော့ မလုပ်ပါဘူး၊ နေပါဦး မမ၊ ဘာပြုလို့ မေးတာလဲ”

“အို ဒီလိုပါကွယ်၊ မမက ဒီလိုပဲ ဘာဖြစ်ဖြစ် သေသေချာချာမေးတတ်တယ်၊ တို့ကောလိပ်ကျောင်း မှာ အဲသည်လို သေသေချာချာ မေးတတ်ဖို့ဟာ ပညာတစ်ရပ်လုပ်ပြီး သင်ရတယ်ကွဲ့၊ အေး ... ပြောပါဦးကွယ်၊ ရှေ့ ငါ့တူ ငွေတစ်ကျပ် လက်ဖက်ရည် သောက်ဖို့၊ အင်းအင်း ပြောပါဦး”

“တစ်ခါတစ်ခါ အစ်မကြီးဖွေးတုတ်တို့အိမ်မှာ လူမရှိရင် ဦးလေးက အဖော်ရအောင် သွားအိပ်ပေးရ တယ်၊ ဦးလေးမမာတဲ့အခါလည်း အစ်မကြီးဖွေးတုတ် က ညအိပ်ပြီး ကြည့်ရှုပေးတာပဲ”

မောင်သန်းဆီကျမှ ခင်တင့်တွင် တိုး၍စိတ်ကျပ် သွားလေ၏။ “လည်ပင်းဖက်ကစားတယ်၊ ဖက်သတ် တယ်၊ ကိုယ်ထိလက်ထိ ရန်ဖြစ်တယ်၊ တစ်ယောက် တစ်ယောက်နင်းနှိပ်ပေးတယ်၊ တစ်ယောက်အိမ် တစ်ယောက် သွားအိပ်တယ်၊ အင်း ... ဒါဟာ အတော်ကျပ်တာပဲ” ဟု ခင်တင့်သည် တွေးနေလေ၏၊ အတန်ကြာမှ “မောင်သန်း လာဟေ့ ဟိုအနား လျှောက်ရအောင်”ဟု လက်ဆွဲခေါ်ခဲ့၍ မောင်ခတို့ ထွက်သွားသောဘက်သို့ လျှောက်ခဲ့ကြ၏။

ခင်တင့်သည် မျှော်ကြည့်မျှော်ကြည့်နှင့်လာ ခဲ့၏၊ ကွင်းစပ်တောစပ်နှင့် မနီးမဝေးသို့ရောက်သော အခါ မောင်ခတို့ထွက်လာသည်ကို မြင်ကြရ၏။

မောင်ခက ရှေ့ကနွားကိုဆွဲ၍ ဖွေးတုတ်က နောက်က နွားမောင်း၍လာခဲ့ကြ၏။

တွေ့ကြသောအခါ မောင်ခက “အလို ... မခင်တင့်၊ လမ်းလျှောက်သလား”

ခင်တင့် ဘာမျှပြန်မပြောချေ၊ ဖွေးတုတ်ကိုသာ စိုက်ကြည့်နေ၏၊ ဖွေးတုတ်ကား မြို့သူလိုလည်း ဟန်ပန်မပြုတတ်၊ ဆန်းဆန်းပြားပြားလည်း မတွေးတတ်၊ ပညာတတ်သူတို့ကဲ့သို့ ခေါင်း၍လည်း မတွေးတတ်၊ ရိုးရိုးစင်းစင်းကြီးဖြစ်သည့်အတိုင်း “မောင်ခ-ဒါ ဘယ်သူလဲ”

“တို့ခြံရှင်၊ ရန်ကုန်က ပွဲစားကြီးသမီး မခင်တင့်တဲ့၊ အင်္ဂလိပ်စာ ၁၃ တန်းရောက်နေပြီ၊ အခုကျောင်းပိတ်လို့လာနေတာ၊ နှစ်လတောင် ရှိတော့မယ်”

ထိုအခါ ဖွေးတုတ်သည် ခေါင်းတွင်ပတ်ထား သော တဘက်ကိုဖြေ၍ ချွေးသုတ်ကာ ခင်တင့်အနီး သို့လာခဲ့၍ “ဩော် ... နာမည်က မခင်တင့်တဲ့လား၊ ဝမ်းသာပါတယ်ရှင်၊ ကျွန်မတို့ရပ်ရွာမှာလာနေတာ နို့ ပျော်ပါရဲ့လား”

“ဟုတ်ကဲ့၊ ပျော်ပါရဲ့”

“တယ်ပျော်မယ်မထင်ပါဘူး၊ ကျွန်မတို့အရပ် က တောကလားရှင့်၊ (မောင်ခဘက်သို့ လှည့်၍) ဘယ့်နှယ်လဲဟေ့ မောင်ခ၊ ဧည့်သည်ကို ကောင်းကောင်းပြုစုရဲ့လားကွယ်၊ (မခင်တင့်ဘက် သို့လှည့်၍) ဩော် - မခင်တင့်ရေ၊ ကျွန်မက အရီး တစ်ယောက်မမာလို့ သွားပြုစုနေရတယ်၊ နို့မဟုတ် ရင် ကျွန်မကိုယ်တိုင် ချက်ပြုတ်ကျွေးနေမှာ၊ မောင်ခက မပြုစုတတ်ဘူး၊ ပြီးတော့လည်း ဒီကောင်က အရွဲ့တိုက်တတ်တယ်၊ စိတ်ထင်ရာ လျှောက်လုပ်တတ်တယ်၊ ကျွန်မရှိရင်တော့ ကျွန်မ က နှိမ်နိုင်တယ်”

“ဟုတ်ကဲ့၊ ခင်ဗျားနှိမ်ရင် ကျုပ်က ခံနေလိမ့် မယ် စောင့်နေ” ဟု မောင်ခက ပြန်၍ပက်လိုက်လေ၏။

“ဘာလဲ နင်က ဟောဒီမှာ ကျောအောင့်သွား မယ်သိလား” ဟု လက်သီးဆုပ်သည် ကျောနားသို့ ရောက်သွားလေ၏။

ထိုအခါ ခင်တင့်သည် ရန်တကျက်ကျက်ဖြစ် တတ်သည်ဟု ဦးဖျော်ပြောသည်ကို ယခုမြင်ရ တွေ့ရသဖြင့် ဤအတွက် ဦးဖျော်ပြောသည်မှာ မှန်လျှင် အခြားတို့အတွက်လည်း မှန်တန်ရာ၏ဟု စိတ်တွင် နည်းနည်းသက်သာသွား၏။

မောင်ခက “ကဲပါလေ ... လာကြပါ၊ အိမ်ကျမှ စကား ပြောကြတာပေါ့။ ခုတောင်နေမြင့်သွား ပြီ” ဆို၍ အိမ်သို့ပြန်ခဲ့ကြ၏။ အိမ်ရောက်ကြ၍ မနက်ထမင်းစားကြမည်ဟု မောင်ခ၊ ခင်တင့်၊ ဖွေးတုတ် သုံးယောက်အတွက် ဖိုခုံလောက်ဆိုင် သုံးနေရာပြင်ထားရာ ခင်တင့်က မိမိနေရာတွင် မဟုတ် မောင်ခနှင့် ဖွေးတုတ်အကြားက တိုးဝင်၍ ထိုင်လိုက်လေ၏။

စာမျက်နှာ ၂၃ သို့ ❖

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေစွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ မြဝတီနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ လေးစီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်အိုးခွံ ၁၄၆၈ ခု၊ အောက်ဆီဂျင်စက် သုံးခုနှင့် နှာခေါင်းစည်း သုည ဒသမ ၂၈ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်စက် သုံးခုမှာ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်ပေးထား**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

**❍ မြန်မာ့လက်ရွေးစင်မှ**

အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ အိန္ဒိယနိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လက်ရှိချန်ပီယံ ဂျပန်၊ အာရှထိပ်သီးတောင်ကိုရီးယား၊ အရှေ့တောင်အာရှထိပ်သီး ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**ခြေစစ်ပွဲအောင်မြင်**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နိုင်ငံတကာပြိုင်ပွဲများနှင့် တစ်နှစ်ခွဲကျော် ဝေးကွာခဲ့ပြီးပြီးခဲ့သည့်အောက်တိုဘာလက အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ခဲ့ရာ လက်ဘနွန်၊ ယူအေအီးနှင့် ဂူအမ်အသင်းတို့ကို ကျော်ဖြတ်ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## နိုဝင်ဘာလထုတ် သုတပဒေသာစာစောင် ထွက်ရှိ




၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်" မျက်နှာဖုံး ဆောင်းပါးကြီးများ ပါဝင်သောသုတပဒေသာစာစောင် (နိုဝင်ဘာလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

နိုဝင်ဘာလထုတ် သုတပဒေသာ စာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဒေါက်တာခိုင်ခိုင်ဝင်းတို့၏ "လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်" မျက်နှာဖုံး ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ မောင်ပေါ်ထွန်း၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ အောင်မြတ်စည်သူတို့၏အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ စိုးစိုး(ပန်းတောင်း)၊ ညီမော်သိမ်း၊ ကျော်ရှင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ စောနိုင်(အသုံးချဘောဂဗေဒ)၊ ပါမောက္ခ ကိုကိုအောင်(သိပ္ပံစာရေးဆရာကိုကိုအောင်)တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ အေးထွန်းမင်း၊ ထီလာစိုးမြင့်ထယ်တို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ကိုဇော်ငွေး(ယဉ်ကျေးမှု)၊ မိုမိုကိုတို့၏ အမုန်းစကားနှင့် ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ ရဲထက်ဇော်၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာမြင့်သန်း (သန္ဓေသား)၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ ခိုင်ဇော်(ဒဿန)၊ ခြယ်မှုန်းသီ၊ နိုင်သောင်းထွဋ်၊ သန့်ဝင့်သော်၊ ကျော်ဝင်းဟိန်း(ပခုက္ကူ)၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါသုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## နွေးထွေးစွာ အတူတူရုန်းကြရအောင်
## အတွေးအမြင် နိုင်ငံရေးဆောင်းပါးများစာအုပ် ထွက်ရှိ

အဆိုပါစာအုပ်ကို စာရေးသူလွင်သူဦးက ရေးသားထားခြင်းဖြစ်ပြီး စာအုပ်တွင် ဆောင်းပါးအပုဒ်ရေ (၃၁)ပုဒ် ပါရှိသည်။

ယင်းစာအုပ်ကို(၅၉)လမ်း သိပ္ပံလမ်းတောင်ဘက် B လမ်းနှင့် အနော်ရထာလမ်းကြား မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ "လင်းသန့်"အော့ဖ်ဆက် (၀၀၃၁၀) မှပုံနှိပ်ပြီး ထွန်းဦးစာပေ၊ နဂါးစာပေ၊ ညီုစာပေ၊ စိတ်ကူးချိုချိုစာပေတို့မှ တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ဖြန့်ချိလျက်ရှိသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၂၂ မှ

နှစ်ယောက်သားက ဖယ်ပေးသည့်အနေဖြင့် ခပ်ဝေးဝေးရှောင်ပေးလိုက်ရာ တစ်ဖက်တွင် မောင်ခနှင့် ဖွေးတုတ်တို့ နီးကပ်သွားပြန်လေ၏။ ခင်တင့် နောက်ထပ်နေရာမရွှေ့ဝံ့တော့ချေ။

စားကြသောအခါ တောသူရိုးရိုးကြီးဖွေးတုတ်က စေတနာကြီးစွာဖြင့် ခင်တင့်ထမင်းပန်းကန်ထဲသို့ ဟင်းဖတ်ကောင်းကောင်းများကို မကြာမကြာ ဆယ်ယူထည့်ပေးနေလေသည်။ မောင်ခပန်းကန်ထဲသို့လည်း တစ်ခါတစ်ခါထည့်ပေး၏။ သို့ထည့်ပေးသောအခါ ခင်တင့်စိတ်ထဲက "သူ့လင်ကို တယ်သထာတယ်" ဟုဝန်တိုမိ၏။ အို ... ခင်တင့်၊ အသင်သည် မတရားတော့ပါတကား ...

စားသောက်ပြီးသောအခါ ခေတ္တ စကားဝိုင်းပြောကြပြီးနောက် ဖွေးတုတ်သည် ခင်တင့်ကို လာလည်ရန်ဖိတ်ခေါ်ပြီး ပြန်သွားလေ၏။

ခင်တင့်က "ကိုခ၊ မဖွေးတုတ်ဟာ အပျိုဆို"

"ဟုတ်တယ်"

"ဘာဖြစ်လို့ လင်မယူသေးသလဲ"

"ဟာ ဘယ်သိမလဲ၊ လင်ယူချင်တဲ့စိတ်မရှိလို့ ဖြစ်ချင်ဖြစ်မယ်၊ သူကြိုက်တာ မတွေ့သေးလို့ ဖြစ်ချင်ဖြစ်မယ်"

"သူဟာ ရှင်နဲ့ရွယ်တူလောက်ဆိုတော့ ၃၀ နားကပ်နေပြီ၊ ဟိုင်းနေပြီ၊ အဲဒါ လင်ပေးစားရအောင် ကျွန်မတို့မြို့ထဲက လူတစ်ယောက်ယောက်နဲ့ ကျွန်မနေရာချပေးမယ်"

"ဟာ ... ခင်ဗျားတို့မြို့ကလူနဲ့တော့ သဘောမတူဘူး"

"အလို ... ရှင်က မဖွေးတုတ် လင်ပေးစားမှာကို ဘာပြုလို့ ကာဆီးကာဆီးလိုက်လုပ်ရသလဲ၊ ရှင်က သဘောမတူရအောင် ဘာဆိုင်လို့လဲ၊ ဘာများအဆက်အသွယ်ရှိလို့ပါလိမ့်"(မဲ့ရွဲ့၍ပြောသည်)

"ကျွန်တော်နဲ့ ဆိုင်သလောက်ဆိုင်တယ်၊ မောင်နှမအရင်းနဲ့အတူတူပဲ၊ မကောင်းတဲ့လူနဲ့ ဖြစ်သွားမှာကို ကျွန်တော်တားဆီးဖို့ဝတ္တရားရှိတယ်၊ ကျွန်တော့်ကို အလွဲမထင်နဲ့ ခင်ဗျားတို့မြို့ကလူတွေဟာ ခါးချိုးပြီးအလုပ်မလုပ်ချင်ကြဘူး၊ ပြီးတော့ တောသူကို မြို့သားက ဘယ်တော့မှ အတည်တကျ မပေါင်းဘူး၊ ပစ်ရင်လည်း ပစ်ထားတယ်၊ မပစ်ရင်လည်း မတော်တဲ့နေရာမှာ ရောင်းစားတယ်၊ ဘာကြာသေးသလဲ ဟိုဦးသာအောင်တို့အစု ရွာကသူငယ်မကလေးတစ်ယောက် မြို့သားနောက်ပါသွားလို့ ဒီကဆွေမျိုးတွေလိုက်သွားတော့ မတော်တဲ့အတန်းရောက်နေတာ တွေ့ခဲ့ရတယ်"

"ဒါတော့ မြို့သားတိုင်းမဟုတ်ပါဘူး၊ ကျွန်မခတ်သိ ကျွန်မလူနိုင်တွေရှိတယ်၊ ကျွန်မအာမခံပြီးပေးစားမယ်၊ ရှင်သဘောတူတူ မတူတူ ကျွန်မအတင်းပေးစားမယ်သိရဲ့လား၊ ရှင်က လိုက်ဖျက်မနေနဲ့"

"နေပါဦး၊ ခင်ဗျားက ဖွေးတုတ်ကို ဘာဖြစ်လို့ အရင်စလို လင်ပေးစားချင်ရတာလဲ"

"အဲဒါလည်း ရှင့်အပူမဟုတ်ပါဘူး၊ မဖွေးတုတ်ဆီသွားပြီး နားချချေဦးမယ်" ဆို၍ ထွက်သွားလေ၏။ မောင်ခလည်း ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်၏။

"လာပါ လာပါ မခင်တင့်၊ အင်မတန်ဝမ်းသာပါသရှင်၊ တောအိမ်ပဲရှင့် ခမ်းခမ်းနားနားတော့ မဟုတ်ဘူး၊ ကဲ ကဲ ... ကွမ်းစားပါ။ ဆေးသောက်ပါ"

"နေပါစေ မဖွေးတုတ်ရယ်... ကျွန်မ ကွမ်းမစားတတ်ပါဘူး၊ မဖွေးတုတ် တစ်ယောက်တည်းနေရတာ ခွမကျဘူးလား၊ အိမ်ထောင်ရက်သားပြုပါလားရှင့်" ဟု ဆိုင်းမဆင့်ဘဲ မင်းသမီးမင်းသား ထွက်လိုက်လေ၏။

တောသူကြီးသည် ခင်တင့်မျက်နှာကို အတန်ကြာစိုက်ကြည့်ပြီးမှ မသိမသာပြုံးလာ၍ "ဘယ်သူနဲ့ပေးစားချင်လို့လဲ"ဟု တောက်ခနဲမေးလိုက်၏။

"ဘယ်သူ့ကို လိုချင်သလဲ"

"ကျွန်မ လိုချင်တဲ့လူကို မခင်တင့်ပေးနိုင်ပါ့မလား၊ အဲလေ ... မခင်တင့် ရအောင်ပြောပေးနိုင်မလား"ဟု ရယ်မောပြောလိုက်လေ၏။

"ပြောပေးနိုင်ပါတယ်"ဟု မချိသွားဖြဲ စကားပြန်လိုက်ရလေ၏။ မြွေကိုမြွေချင်း ခြေမြင်ကြလေ၏။

"သြော် - မဖွေးတုတ် ကိုခဟာ ဘာဖြစ်လို့ လူပျိုကြီးလုပ်နေသလဲ"

"အချိန်မကျသေးလို့ထင်ပါရဲ့၊ နို့ပေတဲ့ မကြာပါဘူး၊ သူအိမ်ထောင်ပြုတော့မှာပဲ"

"အလိုဘယ်သူနဲ့လဲ၊ မကြားမိပါလား"

"သူ့ကို မေးကြည့်ပါလား"

"အင်း ...သြော်... ဟုတ်ကဲ့ မေးကြည့်ရဦးမယ်"

"သြော်.. မဖွေးတုတ်၊ ကျွန်မ နေ့ခင်းအိပ်တတ်တယ်။ ပြန်ချေဦးမယ်" ဟု ပြောပြောဆိုဆိုနှင့် ထွက်သွား၏။ လမ်းတွင် "သြော် ... တောသူပေမယ့် တောသူတိုင်း ညံ့တာမဟုတ်ပါကလား" ဟု ခင်တင့်သည် လေးနက်စွာတွေး၍သွားလေ၏။

လူတို့၏စိတ်ဓာတ်သည် ဆန်းကြယ်လှ၏။ အထူးသဖြင့် မိန်းမတို့၏စိတ်ဓာတ်သည် ပိုမိုဆန်းကြယ်၏။ ရှေးက မိမိအမှုမဲ့အမှတ်မဲ့ ဂရုမစိုက်ခဲ့သူကိုပင် ထိုသူသည် အခြားမိန်းမတစ်ယောက်နှင့် ရင်းနှီးချစ်ခင်သည်ကို မြင်ရသောအခါ စိတ်တစ်မျိုးပြောင်းလာတတ်၏။ ခင်တင့်သည် မောင်ခအပေါ်တွင် ရှေးကမုန်းခဲ့သည်မဟုတ်ချေ၊ ဖွေးတုတ်နှင့် ရင်းနှီးသည်ကိုတွေ့ရသောအခါ အပြောအဆိုအမူအရာများစွာကွာခြားလာသည်ကို စာဖတ်သူတို့ တွေ့ခဲ့ရပြီ။ အမှန်မှာ ခင်တင့်သည် မောင်ခအပေါ်၌ မေတ္တာသက်ရောက်လေပြီ၊ အသို့လျှင်ဖွေးတုတ်ကို စိတ်ချနိုင်အံ့နည်း။ **(ဆက်လက်ဖော်ပြပါမည်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် [illegible]ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး[illegible]လုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်[illegible]







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| High Mast Light [illegible] | [illegible] | [illegible] | [illegible] | [illegible] | | | | |
| Garden Light [illegible] | [illegible] | [illegible] | [illegible] | [illegible] | | | | |

၃။ [illegible] Account Transfer [illegible]

(က) [illegible]

(ခ) [illegible]

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့** ဖတ်စရာ


**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၂၄ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၈၂ ရာခိုင်နှုန်းရှိ**

စာ » ၁၀

**ဆေးလိပ်၊ ဆေးရွက်ကြီး နီကိုတင်းစွဲလမ်းမှုပြဿနာ**

စာ » ၁၁

**အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်နေသော NLD ပါတီဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**

စာ » ၁၅

**အစာစားလျှင် ဉာဏ်နှင့်ယှဉ်၊ သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ**

စာ » ၁၈


# Mytel ရုံးချုပ်မှ GM ဦးသိန်းအောင် အား လုပ်ကြံသတ်ဖြတ်ရာတွင်ပါဝင်သည့် တရားခံများ ဖမ်းဆီးရမိ

CCTV မှတ်တမ်းပါ တရားခံများ၏ မှတ်တမ်းဓာတ်ပုံ



ပစ်ခတ်မှုမတိုင်မီ



ပစ်ခတ်ပြီး ပြန်လည်ထွက်ခွာလာစဉ်။

○ သားငယ်
○ ဖိုးသား
○ စစ်ဇော်ကံ(ခ) ဟန်သာထွန်း

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် တေးနုယဉ်လမ်းနေ ဦးသိန်းအောင်သည် ဇနီးနှင့်အတူ အိမ်ရာဝင်းအတွင်း လမ်းလျှောက်နေစဉ် (စိစစ်ဆဲ)အမျိုးသား တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဦးသိန်းအောင် သေဆုံးခဲ့ပြီး ဇနီးဖြစ်သူမှာ ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ထိုသို့အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး စုံစမ်းဖော်ထုတ်ခဲ့ရာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်သတင်းပေးမှုကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေ့တွင် မသင်္ကာဖွယ်ရာစက်ဘီးစီးလာသည့် အမျိုးသားသုံးဦးနှင့် ၎င်းတို့၏နောက်မှ ကပ်လျက်လိုက်ပါလာသည့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❋

## အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်း ၃၈ ဦးခန့် သေဆုံး၊ ၇၉ ဦးခန့် ဒဏ်ရာရရှိခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများသည် မရှိမဖြစ်အရေးပါသည့် အဓိကစွမ်းအားစုကြီးတစ်ခုပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများအပြင် အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍပေါင်းစုံတို့ကို ပြန်လည်ကုစားသွားနိုင်ရေး ဘက်ပေါင်းစုံမှအရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်သူများအားလုံးတို့ကလည်း အားတက်သရော ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်အစိုးရ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နေမှုအပေါ် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG၊ PDF စသည့် အဖွဲ့အစည်းများသည် ၎င်းတို့ကိုယ်ကျိုးအတွက်ကို ရှေ့တန်းတင်၍ အကြောင်းမဲ့သတ်ဖြတ်မှုများ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့အကျိုးတာဝန်ထမ်းဆောင်နေသော

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✪



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အာရှ ဖလား ခြေစစ်ပွဲမတိုင်မီ က ကာဂျစ္စတန်နိုင်ငံ၌ လေ့ကျင့်နေစဉ်။

## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အာရှဖလားပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ကစားမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လာမည့်နှစ်ဆန်းပိုင်းတွင်ယှဉ်ပြိုင်ရမည့် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲနောက်ဆုံးအဆင့်မတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲနောက်ဆုံးအဆင့်အတွက်နိုဝင်ဘာလဒုတိယပတ်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပဏာမကစားသမား ၂၇ ဦး ရွေးချယ်ထားသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုလအတွင်း လေ့ကျင့်ပြင်ဆင်မှုများသာ ပြုလုပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလဆန်းပိုင်းတွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ သုံးပွဲနှင့်အထက် ယှဉ်ပြိုင်ကစားရန် ရည်ရွယ်ထားပြီး အရှေ့တောင်အာရှ၊ အာရှထိပ်သီးလက်ရွေးစင်အသင်းများနှင့် ကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲတွင် ထိပ်သီးအသင်းများနှင့် တွေ့ဆုံနေသဖြင့် ပြိုင်ပွဲမတိုင်မီ လုံလောက်သည့် ပြင်ဆင်မှုရရှိစေရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❍